
# A Report on SAC (Myanmar Military) and (SNA) Shanni Militia Group's Human Rights Violations in Selzin Village, Phakant Township




Kachin State Human Rights Network

**Voice 4 Voiceless**

10th March 2023

**Kachin State Human Rights Network**
**Voice 4 Voiceless**

## အစီရင်ခံစာအကြောင်း

ယခုဖော်ပြသော သတင်းအချက်အလက်များသည် Kachin State Human Rights Network လက်လမ်းမှီသမျှ ကဏာဦးစုံစမ်းတွေ့ရှိမှုများကိုသာ ဖော်ပြခြင်းဖြစ်သည်။ ဖော်ပြချက်များသည် ဖမ်းဆီးခံခဲ့ရရာမှ အသက်မသေပဲ လွတ်မြောက်လာသူများ၊ သေနတ်ပစ်သတ်ခံရပြီးသေဆုံးသူ မိသားစုဝင်များ၊ ဒေသသတင်းမီဒီယာများတွင် ဖော်ပြသော အကြောင်းအရာများ နှင့် ဒေသခံ ပြည်သူ(၆)ဦး များအား လူတွေ့တွေ့ဆုံခြင်း၊ လေ့လာခြင်းများအပေါ် အခြေခံထားခြင်းဖြစ်သည်။

Kachin State Human Rights Network နှင့်တွေ့ဆုံခဲ့သည့် ဒေသခံများ၏ပြန်လည်ပြောပြချက်များတွင် ဆယ်ဇင်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ရှမ်းနီတပ်(SNA)များမှ အရပ်သားပြည်သူများကို သတ်ဖြတ်ခဲ့သည်မှာ အယောက် (၂၀၀) ခန့်ရှိသည်ဟုလည်း ပြောပြသည်။ ထို့ကြောင့် ယခုဖော်ပြထားသေ သတင်းအချက်အလက်များထက် အများကြီးပိုနိုင်သည် ကိုလည်း ယုံကြည်ထားပါသည်။ ဆယ်ဇင်း ကျေးရွာသည်ရွှေ့ပြောင်းလုပ်သား အမြောက်အများ နေထိုင်သည့် ကျေးရွာတစ်ခုဖြစ်သည်နှင့်အညီ ပုဂ္ဂိုလ်ရေး အချက်အလက်များနှင့် သတင်းအချက် အချက်အလက်များကို စုဆောင်းရန်အခက်အခဲများ ကြုံတွေ့ ခဲ့ရသည်။

# ဆယ်ဇင်းကျေးရွာပြမြေပုံ




ဆယ်ဇင်း ကျေးရွာသည် ဖားကန့်မြို့မှ ခန့်မှန်းခြေမိုင် (၂၈) ကျော်ခန့်ဝေးပြီး မော်တော်ယဉ်ဖြင့် (၄) နာရီခန့်သွားရသည့် ဒေသတစ်ခုဖြစ်ပါတယ်။ အိမ်ခြေမှာ စုစုပေါင်း တစ်ထောင်ခန့်( ၁၈၈၈ ) ခန့်ရှိသည်ဟု ခန့်မှန်းရပြီး အဓိကမှာ ရွှေနှင့် ကျောက်တူးဖော်ရောင်းဝယ်ခြင်း လုပ်ငန်းများနှင့် ကုန်စည်ရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း အဓိက လုပ်ဆောင်သည့် နေရာတစ်ခု ဖြစ်သည်။ နယ်နိမိတ်အားဖြင့် စစ်ကိုင်းတိုင်း နှင့် ထိစပ်နေသည့် ဒေသတစ်ခု ဖြစ်ပြီး ဖားကန့်မြို့နယ်ထဲမှာ တည်ရှိသည့် ကျေးရွာဒေသတစ်ခု ဖြစ်သည်။

## တိုက်ပွဲဖြစ်စဉ်

ဆယ်ဇင်းဒေသတွင် ၂၀၂၂၊ ဇွန်လိုင်လ ( ၁၈ ) ရက်နေ့တွင် ကေအိုင်အေ တပ်မဟာ(၉) လက်အောက်ရှိ တပ်ရင်း (၂၆) နှင့် PDF ပူးပေါင်းတပ်နှင့် စစ်ကောင်စီတပ်ကြား ( ရဲ၊စစ်တပ်၊ ရှမ်းနီတပ်) တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက်တွင် နှစ်ဖက်အပစ်အခတ်များ ခေတ္တ အပစ်ရပ်သွားခဲ့ကြပြီး နောက် August ၈၊ ၂၀၂၂ ရက်နေ့မှစတင်ပြီး ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် PDF ပူးပေါင်းတပ်များမှ စကစဆယ်ဇင်းကျေးရွာအနီးတွင် အခြေစိုက်ထားသော စကစစစ်စခန်း (တာဝါတိုင်တောင်ကုန်း) ခလရ(၁၃၉)နှင့် ဆယ်ဇင်းတစ်ဖက်ကမ်းတွင်ရှိသည့် စကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်ရှိ ရွှေပြည်မြင့် ကျေးရွာတွင် အခြေစိုက်ထားသည့် စကစ လက်အောက်ခံ ရှမ်းနီတပ် ( SNA) စခန်းနှစ်ခုကို သွားရောက်တိုက်ခိုက်ကာ စခန်းသိမ်းပိုက်ခဲ့ ကြသည်။

ထို့နောက် August၊ ၉ ရက်နေ့တွင် ဆယ်ဇင်းကျေးရွာတွင်းအခြေစိုက်ထားသော ရဲစခန်း (စစ်တပ်၊ ရဲ၊ ရှမ်းနီတပ်)ကို ပြန်လည်တိုက်ခိုက်ကာ သိမ်းယူခဲ့ကြပြီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ခိုက်မှုများတွင် မြန်မာစစ်တပ်မှ ဂျက်ဖိုင်တာ(အဖြူအပြာရောင်)အနည်းဆုံးလေးစဉ်းနှင့် ရဟတ်ယဉ်နှစ်စဉ်းဖြင့် စစ်ကူအဖြစ်ပုံးကျဲတိုက်ခိုက်ခဲ့မှုဖြစ်ခဲ့သည်။ ထို့နောက် ရဲစခန်းသိမ်းယူပြီး ခဏအကြာတွင် ကေအိုင်အေ နှင့် PDF ပူးပေါင်းတပ်များ မှာ ပြန်လည်ဆုတ်ခွာခဲ့ကြသည်။

၎င်းတိုက်ပွဲများကြောင့် ထောင်နှင့်ချီသော ရက်ကွက်နေပြည်သူများမှာ ဘုန်းကြီးကျောင်း ဆယ်ဇင်း၊ (သာသနာ့ ပါဠိ ကျောင်းတိုက်) စာသင်ကျောင်းနှင့် ဘုရားကျောင်းဝင်းများတွင် စုဝေးကာ ဖားကန့်မြို့၊ မိုးညှင်းမြို့နယ်များသို့ သိမ်းရှောင်ခဲ့ရသည်။ အချို့သောရာနှင့်ချီသော ပြည်သူများမှာ ဘုန်ကြီးကျောင်းဝင်းထဲတွင် ပိတ်မိနေခဲ့ကြသည်။

## တွေ့ရှိချက်အကျဉ်းချုပ်

Kachin State Human Rights Network အနေဖြင့် ဒေသသတင်းတွင် ဖော်ပြသော အချက်အလက်များနှင့် အသတ်ခံခဲ့ရသူ မိသားစုဝင်များ၊ လွတ်မြောက်လာသူများအပါအဝင် ၎င်းဒေသခံများ၏ ပြောပြချက်များပေါ် အခြေခံပြီး လေ့လာရာတွင် တိုက်ပွဲဖြစ်ပွားသည့်နေ့နှင့် တစ်ဆက်တည်းတွင် လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရ၍သော်လည်းကောင်း သေဆုံးခဲ့သူမှာ အနည်းဆုံး အယောက်(၄၅) ဦးခန့်ရှိခဲ့ပြီး၊ ဖမ်းဆီးခံရပြီး ထိန်းသိမ်းခံထားရချိန်တွင်

သေနတ်ဖြင့်ပစ်သတ်၊ လည်လှီးသတ်၊ အရှင်လက်မြေမြှုပ်သတ်၊ ရိုက်နှက်ပြီး သတ်ခံရသူ အရပ်သားပြည်သူမှာအနည်းဆုံး (၇၅) ဦးခန့်ရှိခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ဆယ်ဇင်းကျေးရွာတွင် စကစစစ်တပ်နှင့် စကစလက်အောက်ခံ ရှမ်းနီတပ်(SNA) များမှာ

*"ဘယ်လွတ်မလဲ ငါညီ ကြည့်ထားစစ်မေးပြီးသွားရင် သုံးဘီးနဲ့လာခေါ်သွားလိမ့်မယ် ပြီးရင် အရှင်လက်လက် မြေမြှုပ်သတ်လိမ့်မယ် မဟုတ်ရင် ပစ်သတ်လိမ့်မယ်"*

*"ကျွန်တော့ရှေ့မှာတင် သတ်လိုက်တာအများကြီးပဲ"*

*" ဦးချစ်စမ်းမောင် မှလည်လှီးမသတ်ခံရမှီ အချုပ်ခန်းထဲအတူရှိသူ တစ်ဦးအား ပြောပြခဲ့သည့်စကား"*

၂၀၂၂ August လ မှ January ၂၀၂၃ (၆လ) အတွင်း အရပ်သားပြည်သူပေါင်း အနည်းဆုံး (၁၂၀) ဦးခန့်အား ရက်စက်စွာသတ်ဖြတ်ခဲ့သည်ကို တွေ့နိုင်သည်။ ထို့အပြင် စကစစစ်တပ်နှင့် ရှမ်းနီ( SNA ) ပူးပေါင်းအဖွဲ့မှ ရက်ကွက်ထဲရှိလူနေအိမ် အနည်းဆုံး (၄၀၀) လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ တိကျသည့် အရေအတွက်များသိရှိရန် ခက်ခဲမှုရှိသော်လည်း KSHRN မှ တွေ့စုံခဲ့သည့် မျက်မြင်အနည်းဆုံးခြောက်ဦးနှင့် မေးမြန်မှုတွေပြောပြချက်၊ ပျောက်ဆုံးနေသည့် လူဦးရေ၊ သတင်းတွေဖော်ပြသည့်အချက်အလက်များ အပေါ်အခြေခံပြီးလေ့လာခဲ့ခြင်းဖြစ်သည်။ ဒေသခံများ၏ ပြန်လည်ပြောပြချက်များတွင် ဆယ်ဇင်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ရှမ်းနီတပ် (SNA) များမှ အရပ်သားပြည်သူများကို သတ်ဖြတ်ခဲ့သည်မှာ (ခြောက်လအတွင်း) အယောက်(၂၀၀) ခန့်ရှိသည်ဟု Kachin State Human Rights Network အား ပြောပြသည်။ ထို့ကြောင့် ယခုဖော်ပြထားသော သတင်းအချက်အလက်များထက် အများကြီးပိုနိုင်သည်ကိုလည်း KSHRN မှ အခိုင်အမာ ယုံကြည်ထားပါသည်။

## သတ်ဖြတ်မှုများကို လေ့လာရာတွင် အောက်ပါနည်းလမ်းများဖြင့် သတ်ဖြတ်ခဲ့သည်ကိုတွေ့ရသည်။

- မီးငြိမ်းနေသူနှင့်နေအိမ်ထဲရှိအစားအစာ/အဝတ်အထည်ပစ္စည်းများ သွားယူရန် ထွက်လာကြသူများအား  သေနတ်ဖြင့် ပစ်သတ်ခြင်း။

- လေယာဉ်ဗုံးကျဲချခြင်းကြောင့်သေဆုံးခြင်း။

- ယာယီသိမ်းရှောင်နေသော နေရာမှထွက်ခွာရန်ကြိုးစားနေချိန်တွင် ရွာပြင်မထွက်ရန်တွက်  သေနတ်ဖြင့် ပစ်ကာ သတ်ဖြတ်ခံရခြင်း။

- ကေအိုင်အေ၊ PDF(people Defense Force) အဖွဲ့အားကူညီထောက်ပံ့သူ/ အားပေးသူဟု စွပ်စွဲကာဖမ်းဆီးချုပ်နှောင်ထားခဲ့ရာမှ တစ်ဦးချင်းသေနတ်ပစ်သတ်၊ လည်လှီးခြင်းနှင့် နလုံးဓားထိုးသတ်ခြင်း၊ အရှင်လတ်လတ်မြေမြုပ် သတ်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ရိုက်နှက် ကာသတ်ဖြတ်ခြင်း။

## စစ်ကောင်စီစစ်တပ်နှင့် ရဲနှင့် ရှမ်းနီအမျိုးသားတပ်မတော်ခေါ် SNA တပ်များမှ ဆယ်ဇင်းကျေးရွာနေ ပြည်သူများအား သတ်ဖြတ်ခြင်း လူနေအိမ် မီးရှို့ဖြတ်ဆီးခြင်းနှင့် ပစ္စည်းများခိုးယူတည်ဆောင်သွားခြင်း

August (၈) ရက်နေ့နှင့်  (၉) ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင်  စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာ (အပြာ၊ဖြူရောင်) လေယာဉ်အနည်းဆုံး (လေး) စဉ်းအသုံးပြုကာ ရက်ကွက်ထဲသို့ ဗုံးကြဲချမှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ပြုလုပ်ခဲ့ကြသည်။ ပြည်သူများသိမ်းရှောင်နေသော ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်ရပ်ကွက်ထဲသို့ လက်နက်ကြီးများဖြင့် လက်လွတ်စပွယ်ပစ်ခတ်မှုတွေကို ပြုလုပ်ခဲ့ကြသည်။

Kachin State Human Rights Network ၏ စုံစမ်းမှုအရတွင် August (၉) ရက်နေ့ တစ်ရက်ထဲတွင် လေကြောင်းဖြင့် ပစ်ခတ်ခြင်းကြောင့် အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးနှင့် စုစုပေါင်းအနည်းဆုံး (၃) ဦးသေဆုံးခဲ့ပြီး (၄) ဦးခန့်ကြီးမားသော ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို တွေ့ရသည်။

August (၉) ရက် ညနေ (၆) နာရီခန့်တွင် မြန်မာစစ်တပ်မှ လေယာဉ်ဖြင့် မီးလောင်ဗုံးဟု ယူဆရသည့်အရာများဖြင့်ကျဲချပြီး ၎င်းရက်ကွက်ရှိ လူနေအိမ်များကို စတင်မီးရှို့ဖျက်ဆီးခဲ့ပြီး ၎င်းရက်ကွက်နေအိမ်များ မီးလောင်မှုကြောင့် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် တိမ်းရှောင်နေသည့် ပြည်သူများမှာ သွားရောက်ကာ မီးငြိမ်းသတ်ရန် ကြိုးစားခဲ့ကြရာ မီးငြိမ်းသတ်ရန် လုပ်ဆောင်သူများကို ရဲစခန်းကုန်းမှ သေနတ်ဖြင့် တရက်စပ်ပစ်ခတ် သတ်ဖြတ်မှုများကို ပြုလုပ်ခဲ့ကြသည်။

၎င်းပစ်ခတ်မှုတွင် သက်ကြီးရွယ်အို၊ လူလတ်ပိုင်း အမျိုးသမီးနှင့် အမျိုးသားစုစုပေါင်း အနည်းဆုံး (၄၅) ဦးခန့် သေဆုံးခဲ့သည်။ ပစ်ခတ်ခံရပြီး သေဆုံးသွားသော မိသားစုဝင် အချို့များနှင့် တွေ့စုံချိန် ၎င်းတို့ပြောပြချက်အရ ပစ်ခတ်မှုများကို ဆယ်ဇင်းကျေးရွာတွင်းမှ ရဲစခန်းမှ ချိန်ရွယ်ကာ ရည်ရွယ်ချက်ရှိရှိဖြင့် သားကောင်အားချိန်ရွယ်ကာ ပစ်ခတ်နေ သကဲ့သို့ ပစ်သတ်နေလျက်ရှိ နေသည်ကိုတွေ့ရသည်။ ၎င်းအချိန်တွင် နစ်ဖက်တိုက်ပွဲဖြစ်ပွားသည့် အနေအထားမျိုးလည်း မရှိပဲလျက်နဲ့ ပြည်သူများဖြစ်ကြောင်း သိသာမြင်သာရှိသည့် အခြေအနေတွင် ၎င်းကဲ့သို့ ပြုမှုခဲ့ခြင်း ဖြစ်သည်ကိုလည်း တွေ့ရသည်။

ကလေးတစ်ဦးမိခင်၊ သေနတ်ပစ်သတ်ခံရသူ၏ ဇနီးဖြစ်သူ အမျိုးသမီးတစ်ဦး၏ ပြောချက်အရတွင် August (10) ရက်နေ့တွင် ဘုန်းကြီးကျောင်းတွင် သိမ်းရှောင်နေသူများအား *"အခုကေအိုင်အေတွေ ထပ်ပြီးလာတိုက်ရင်မင်းတို့အားလုံးကို သတ်လိုက်မယ်၊ ဘယ်မှ မသွားရဘူး ရွာကနေထွက်တဲ့လူ ကလေး၊ လူကြီးနားမလည်ဘူး အားလုံးပစ်သတ်မယ်"* ဟု စကစ စစ်တပ်များမှ ခြိမ်းခြောက်ကာ ဓားစာခံ/ လူသားဒိုင်းအဖြစ် ထိန်းသိမ်းထားခဲ့မှုများကို

ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် မည်သည့် နေရာသို့မသွားစေပဲ ကလေးသူငယ်များ၊ နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအပါအဝင် အားလုံးပေါင်း (၄၀၀)ဦးခန့် မှာ အစာရေစာပြတ်လျက်ခဲ့ပြီး ပိတ်မိနေခဲ့ကြခြင်းဖြစ်သည်။

*"ကျွန်တော်တို့ကိုမသတ်ခင် မှာ ကျွန်တော်တို့ကိုလုပ်သလိုမျိုးသတ်ဖို့ ခေါ်ခေါ်ထုတ်တာ လေး၊ ငါး တုတ်လောက်ရှိပြီ တစ်တုတ်မှာ မရှိရင်တောင် ဆယ်သုံးယောက်နဲ့ ဆယ်ငါးယောက်ကြားရှိတယ်၊ ကျွန်တော်တို့အားလုံးပေါင်း (၈) ယောက်ကိုတော့ ၂၀၂၃၊ ဇန်နဝါရီလ(၁၉) ရက်နေ့ည (၉) နာရီခန့်မှာ ကျွန်တော်တို့အားလုံးကို ပါးစပ်ကို တိပ်နဲ့ ပတ်၊ မျက်စိကိုလည်း ပုဆိုးစိမ်းနဲ့ စည်းထားပေး၊ လက်ကိုကျတော့ နောက်ပြန်သုံးဆင့်ချည်ထားပေးပြီး (ဆွဲပြီးချုပ်ရတဲ့ကြိုးအဖြူ၊ ကြိုး၊ အဝတ် ) တော့ သတ်မည့်နေရာကို ကားနဲ့ခေါ်ထုတ်သွားတယ်"* ( လည်လှီးခံရ ရာမှအသက်မသေပဲလွတ်မြောက်လာသူတစ်ဦးပြောပြချက် )



တစ်ဆက်တည်းတွင် August (10) ရက်နေ့တွင် SNA တပ်နှင့် စကစ တပ်များပူးပေါင်းကာ မီးမလောင်သော အိမ်များကို ဓာတ်ဆီများလောင်းကာ မီးရှို့ဖျက်ဆီးခဲ့ကြပြီး ကုန်းပိုင်းရှိ မီးမလောင်သောအိမ်များမှ ပစ္စည်းများကို ခိုးယူ သယ်ဆောင်သွားခဲ့ကြသည်။ August (10) ရက်နေ့တွင် ဆယ်ဇင်းကျေးရွာ အောက်ပိုင်းရှိရပ်ကွက်မှ လူနေအိမ်ပေါင်း **အနည်းဆုံး(၄၀၀)** မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ရပြီးဖြစ်ခဲ့သည်။

## ရှမ်းနီအမျိုးသားတပ်မတော်ခေါ် စကစလက်အောက်ခံ (SNA)အဖွဲ့နှင့် စကစစစ်တပ်များမှ အရပ်သားပြည်သူ အမြောက်အများအား အစုလိုက် သတ်ဖြတ်ခြင်း

Kachin State Human Rights Network မှ ဆယ်ဇင်းကျေးရွာတွင် စစ်ကောင်စီစစ်တပ်နှင့် ရှမ်းနီတပ်(SNA)ဖွဲ့များမှ ကျူးလွန်သော အစုလိုက်သတ်ဖြတ်မှုများအား စုံစမ်းလေ့လာခဲ့သည်။ အထူးသဖြင့် KSHRN အနေဖြင့် သတ်ဖြတ်ခံရသူ မိသားစုဝင်များ၊ သတ်ဖြတ်ခံရခြင်းမှ လွတ်မြောက်လာသူများ၊ ဆယ်ဇင်းကျေးရွာဒေသခံများနှင့်တွေ့ဆုံခြင်း သတင်းစာမျက်နှာများ တွင်ဖော်ပြသော အကြောင်းအရာများအပေါ် လေ့လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စကစစစ်တပ် နှင့် ရှမ်းနီတပ်ဖွဲ့များ ပူးပေါင်းတပ်များသည် ကေအိုင်အေနှင့် PDF တပ်ဖွဲ့များကို အားပေးထောက်ခံသူ၊ ကူညီထောက်ပံ့သူဟု စွပ်စွဲကာ အချုပ်ခန်းထဲ ချုပ်နှောင်ခံထားရသူ အရပ်သားပြည်သူ အနည်းဆုံး (၇၅) ဦးခန့်ကို လည်လှီးခြင်းနှင့် တစ်ဦးချင်းဒူးထောက်စေပြီး သေနတ်ပစ်သတ်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြ သည်ကို တွေ့ရသည်။ အချို့သောသူများမှာ ရှမ်းနီကွင်းဟုခေါ် သည့် မန်စိန်းချောင်းဘေးရှိ ရှမ်းနီစစ်တပ်ဝင်းတွင် အရှင်လက်လက်မြေမြှုပ်သတ်ဖြတ်မှု တွေကိုပါပြုလုပ်ခဲ့သည်ဟုလည်းသိရသည်။

August လတစ်လထဲတွင် ရှမ်းနီစစ်တပ်နှင့် စစ်ကောင်စီစစ်တပ်များသည် အရပ်သားပြည်သူများ အား ကေအိုင်အေ/ PDF တပ်ဖွဲ့ဝင်များကို ထောက်ပံ့သူ/အားပေးသူများဟု စွပ်စွဲကာ ဖမ်းဆီး ချုပ်နှောင်ကာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ချုပ်နှောင်ခံထားရသူများအား တစ်ဖွဲ့ပြီးတစ်ဖွဲ့ အပြင်သို့ခေါ် ထုတ်ကာ မျက်စိပိတ်၊ ပါးစပ်ကို တိပ်နှင့်ပတ်၊ လက်နောက် ပြန်ကြိုးတုတ်ကာ ရဲစခန်းမှ တစ်နစ်ရီနီးပါးခန့် သွားရသည့်နေရာတွင် ဒူးထောက်စေပြီး သေနတ်ပစ်သတ်ခြင်းနှင့် လည်လှီးသတ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ပြု လုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ သတ်ဖြတ်ခံခဲ့ရသူများထဲမှ အများစုမှာ August လထဲတွင် ဖမ်းဆီးခံရခဲ့ရသူများ ဖြစ်ကြသည်။ ၎င်းများထဲမှ KSHRN နှင့် လူတွေ့တွေ့စုံခဲ့သည့် ဦးမောင်မောင်နှင့်

အောင်အောင် နှစ်ဦးလည်းအပါအဝင် ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဦးကျော်ကျော် ဆိုသူနှင့်အတ အသက်မသေပဲလွတ်မြောက်လာသူများ ဖြစ်ကြသည်။ ထိုသူ သုံးဦးသည် သေဆုံးသူ ကျန်ငါးဦးနှင့်အတူ ချုပ်နှောင်ခံထားရသည့် ဆယ်ဇင်းရဲစခန်းမှ သဲပူဂေါနှင့် သဲဇလောက်ကြားရှိ နေရာတစ်နေရာသို့ မျက်စိပိတ်၊ ပါးစပ်တိပ်ပတ်၊ လက်နောက်ပြန်ကြိုးတုတ်ကာ ခေါ်ဆောင်သွားခြင်းခံရပြီး လည်လှီး သတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။ ငါးဦးမှာ ဦးဖိုးစည် (၆၇ နှစ်) ကောင်းမြတ်သူရိန် (၂၈နှစ်)၊ မောင်ဇော်မျိုးထွေး(၂၃နှစ်)၊ ဦးဖိုးယော (၄၁နှစ်)၊ ဦးချစ်စမ်းမောင်၃၇ နှစ်ခန့် ) တို့မှာ ၎င်းနေရာတွင် သေဆုံး သွားခဲ့ပြီးသုံးငါးမှာ အသက်မသေပဲလွတ်မြောက်လာခဲ့ကြခြင်းဖြစ်သည်။ (သေပြီးဟုထင်ကာ စွန့်ပစ်ခဲ့ကြ)။ သို့ရာတွင် လည်လှီး အသတ်ခံရပြီး အသက်မသေပဲလွတ်မြောက်လာသူ မောင်(အောင်အောင်)သည်၎င်းတို့ကို မသတ်မ ီ ရှေ့တစ်လနှစ်လတွင် ၎င်းတို့ရှေ့တွင် ခေါ်ထုတ်သွားကာ သတ်ဖြတ်ခံခဲ့ရသည့် အဖွဲ့မှာ အနည်းဆုံး (သုံး)(လေး)တုတ်ခန့်ရှိခဲ့သည်ဟု Kachin State Human Rights Network နှင့် တွေ့စုံချိန်တွင် ပြောပြခဲ့သည်။ အဖွဲ့တစ်တုတ်လျှင် (၁၃)-(၁၅) ဦးကြားရှိသည်ဟုလည်း သူကပြောပြသည်။

၎င်းတို့ကို ဖမ်းဆီးခဲ့သည်မှာ August လထဲတွင် ဖြစ်ပြီး အသက်မသေပဲလွတ်မြောက်လာတဲ့နေ့ ဇန်နဝါရီ (၁၉) ၂၀၂၃ ခုနှစ်အထိ ခြောက်လနည်းပါးခန့် ရှစ်ပေပတ်လည် အခန်းတစ်ခုတွင် အခြားသောလူ(၁၃) ဦးနှင့် အတူ ချုပ်နှောင်ခံထားခဲ့ ရသည်။ ခြောက်လခန့်ကြာ ချုပ်နှောင်ခံထားရချိန်တွင် ရေတစ်ကြိမ်သာ ချိုးခွင့်ရခဲ့ကြောင်းနှင့် အိမ်သာ(မစင်စွင့်)တက်မည့် နေရာသည်လည်း ၎င်းတို့ကိုချုပ်နှောင်ထားသည့် အခန်းထဲ၌သာ သွားခဲ့ရကြောင်း ပြောပြခဲ့သည်။ သို့ရာတွင် ၎င်းတို့နဲ့အတူ ချုပ်နှောင်ခံထားရသူထဲမှ (၄) ဦးမှာနှိပ်စက်ဒဏ်ရာနှင့် မသန့်ရှင်းသော နေရာထိုင် ခင်းများကြောင့် ကိုယ်ယောင် ချို့တဲ့ကာ အချုပ်ခန်းထဲတွင် သေဆုံးသွားခဲ့ ကြောင်းလည်း သူ(မောင်မောင်)ကပြောပြသည်။

*"ကျွန်တော်တို့ နောက်မှရောက်လာတဲ့ လူတွေကိုဆိုရင် အချုပ်လည်း မဆန့်တော့လို့ထင်တယ် အချုပ်ထဲကို တောင် မထည့်တော့ဘူး စခန်းရှေ့မှာ သစ်ပင်ကြီးကြီး တစ်ပင်အောက်မှာ တစ်ခါတည်းရိုက်သတ်တာ ၊အရှေ့မှာ ရိုက်သတ်တာ တွေ့လိုက်တယ်"*

*(ဦးမောင်မောင် - အသက်မသေဘဲ လွတ်မြောက်လာသူပြောပြချက်)*

ထို့အပြင် သတ်ဖြတ်ခံခဲ့ရာမှ အသက်မသေပဲ လွတ်မြောက်လာသူ အခြားတစ်ဦး (မောင်အောင်အောင်)နှင့်တွေ့ဆုံချိန်တွင် ၎င်းနှင့် အတူချုပ်နှောင်ခံထားရသူ ဦးချစ်စမ်းမောင် ဆိုသူကို စစ်တပ်များမှ တစ်ကိုယ်လုံး လျှပ်စစ်ဖြင့်တို့ခြင်းနှင့် သံလုံးဖြင့်ခြေတံများအား ရိုက်နက်ခြင်းနှင့် လိမ့်ကာနှိပ်စက်ထားခဲ့သည် ဟုလည်း ပြောပြသည်။ သူ၏သူငယ်ချင်းဖြစ်သူ (ဇော်ဇော်) ဆိုသူမှာ နှိပ်စက်မှုဒဏ်ကို မခံစားနိုင်တော့သည့်အတွက် အချုပ်ခန်းထဲ၌ ကိုယ်တိုင် ကြိုးဆွဲချ သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ထို့အတူ လည်လှီးသတ်ဖြတ်မှုကြောင့် သေဆုံးသွားသူ (မောင်ချစ်စမ်းမောင်) သည် အသတ်မခံမီရချိန်တွင် မောင်(ကျော်ကျော်) ကိုစကစစစ်တပ်နှင့် ရှမ်းနီတပ်များသည် လူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်တာတွေ့လိုက်ရကြောင်းနှင့် ၎င်းကိုလည်း သေနတ်ပစ်သတ်ရန် အတွက် ဥရုချောင်းနဘေးထိ မျက်စိပိတ်၊ ပါးစပ်ပိတ်၊ လက်ကြိုးတုတ်ကာ တစ်ကြိမ် ခေါ်ဆောင်ခံခဲ့ရာမှ မသတ်ပဲ အချုပ်ခန်းထဲသို့ ပြန်လည်ချုပ်နှောင်ထားခဲ့ခြင်း ဖြစ်ကြောင်း ပြောပြခဲ့သည်ဟု ၎င်းကိုပြောပြသည့်အကြောင်းအရာကို KSHRN အားပြန်ပြောပြသည်။ ၎င်းကို(မောင်ချစ်စမ်းမောင်)ကိုဥရုချောင်း နဘေးခေါ်ဆောင်သွားချိန်တွင် သူနှင့်အတူ(၁၃)ဦးခန့် ဖြစ်ကြောင်းနှင့် ၎င်းတို့အားလုံးကို ဒူးထောက်စေပြီး သေနတ်ပစ်သတ်ပြီး ဥရုချောင်းထဲသို့ မျှောချခဲ့သည်ဟု လည်းသူက ပြောပြခဲ့ကြောင်းသိရသည်။

ထို့အပြင် KSHRN သည် ကေအိုင်အေတပ်ဖွဲ့များမှ ဖမ်းဆီးထားသော စစ်တုံ့ပန်း(ရှမ်းနီတပ်သား) တစ်ဦးနှင့်တွေ့ဆုံခဲ့ပြီး ၎င်းထံမှ ဗီဒီယိုဖိုင်တိုတစ်ခုကိုရရှိခဲ့သည်။ ၎င်းဗီဒီယိုဖိုင်တွင် ရှမ်းနီပြည်သူ့စစ် တံဆိပ်ပါတပ်သား (လေး)(၄) ဦးမှာ အရပ်သား ၄ဦးအား လက်နောက်ပြန်ကြိုးတုတ်ပြီး လည်လှီးခြင်းနှင့် ဓားဖြင့်ထိုးသတ်နေသည့် ရုပ်သံကိုတွေ့ရသည်။ ၎င်းဗီဒီယိုဖိုင်တွင် ရှမ်းစကားဖြင့် "သေအောင်သတ် နလုံးတွေမှာလည်းဓားနဲ့ထိုး" ဆိုပြီး အချင်းချင်းပြောနေကြ သည်ကိုလည်း တွေ့ရသည်။ ၎င်းဗီဒီယိုပါအကြောင်းအရာ၏ တည်နေရာနှင့် နေ့ရက်အချိန် အတိအကျကို သိရှိရန် လိုအပ်လျက်ရှိသော်လည်း ဖြစ်ပွားသည့်နေရာမှာ ကချင်ပြည်နယ် ဖားကန့်မြို့နယ်နှင့် စကိုင်းတိုင်း ဟုမ္မလင်းမြို့အကြားတွင်ဖြစ်ကြောင်းကိုသိနိုင်သည်။

မည်သည့်အချိန်တွင် ရိုက်ယူထားသည်ကိုသိရှိရန်စုံစမ်းဆဲဖြစ်သော်လည်း KSHRN အနေဖြင့် ၎င်းဗီဒီယိုပါ အမှုသည် ၂၀၂၂ ဇူလိုင်လ နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကြားတွင်ဖြစ်ပွားသော အမှုဖြစ်ကြောင်းကို ခန့်မှန်းရသည်။ အခြား ဗီဒီယိုဖိုင်တစ်ခုတွင်လည်း ပြည်သူတစ်ဦးကို ဒူးထောက်စေပြီး မျက်စိပိတ်၊ လက်နောက်ပြန်ကြိုးတုတ်ကာ လည်ပင်းတွင် ဓားဖြင့် ထိုးသတ်ပြီး မြုပ်နေသည်ကိုလည်းတွေ့ရသည်။ Kachin State Human Rights Network နှင့်တွေ့ဆုံခဲ့သည့် ဒေသခံများ၏ပြန်လည်ပြောပြချက်များတွင် ဆယ်ဇင်းကျေးရွာတွင် စစ်ကောင်စီနှင့်ရှမ်းနီတပ်များမှာ အရပ်သားပြည်သူများကို သတ်ဖြတ်ခဲ့သည်မှာ အနည်းဆုံးအယောက် (၂၀၀) ခန့်ရှိသည်ဟု လည်းပြောပြသည်။

| | |
|---|---|
| ချိန်ရွယ်ပြီးပစ်သတ်ခံရသူများ | - အနည်းဆုံး ၄၅ ဦးခန့် |
| လက်နက်ကြီးထိမှန်ပြီးသေဆုံးသူများ | - ၃ ဦး |
| ဖမ်းဆီးချုပ်နှောင်ခံထားပြီး လည်လှီး၊ ပစ်သတ်ခြင်းနှင့် မြှုပ်သတ်ခံရသူများ | - အနည်းဆုံး ( ၇၅ ) ဦးခန့် |
| သတ်ဖြတ်ခံရသူစုစုပေါင်း | - (၁၂၀+၃) |
| ဒေသခံများမှပြောပြသည့် အသတ်ခံရမှုပေါင်း | - (၂၀၀) ဝန်းကျင် |
| မီးရှို့ဖျက်ဆီးခံခဲ့ရသောရက်ကွက်အိမ်များ | - (၄၀၀) ဝန်းကျင် |

၂၀၂၂ August လ မှ January ၂၀၂၃ခုနှစ် (၆)လ အတွင်း ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာတွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု ဇယား

**"သူကအထုပ်ကိုလည်းထမ်းထားတယ် အဲ့အချိန်မှာ နောက်စေ့ကနေပွင့် သွားတာ ဖိုးကနဲတောင်မြည်သွားတယ်။ ကျွန်မနားတစ်ဖက်ကနေ။ ပစ်တာကတော့ ရဲစခန်းကနေ စက်သေနတ် နဲ့ရော၊ စနိုက်ပါနဲ့ကော ထွက်လာတဲ့လူတိုင်းကို ပစ်နေတာပဲတယ်"** ၁၀.၈.၂၀၂၂ နေ့တွင်သတ်ဖြတ်ခံရသူဦးကျော်၏ဇနီး

## အနှစ်ချုပ်

၂၀၂၂ ခုနှစ် August ၈ရက်နှင့် ၉ရက်နေ့တွင် ကေအိုင်အေတပ်မတော်သည် ကောင်စီတပ်ဖွဲ့နှင့် စစ်ကောင်စီလက်အောက်ခံရှမ်းနီတပ်များနှင့် ဆယ်ဇင်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ ကြသည်။ ကေအိုင်အေများမှာ ဆယ်ဇင်းကျေးရွာရှိရဲစခန်းကို သိမ်းပိုက်ပြီးနောက်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ ထို့နောက်တွင် နှစ်ဖက်တိုက်ပွဲများ မဖြစ်ပွားတော့သည့်တိုင် စစ်ကောင်စီစစ်တပ်များသည် ဆယ်ဇင်းကျေးရွာထဲသို့ စစ်ကောင်စီတပ်များ ပြန်လည်ဝင်ရောက်ကာ ရပ်ကွက်နေအိမ်များကို မီးရှို့ဖြတ်ဆီးခဲ့ပြီး လေယာဉ်များ အသုံးပြုပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြသည်။ ထို့နောက်တွေ့တွေ့သမျှ အရပ်သားများကို စိတ်ကြိုက်ပစ် သတ်မှုတွေကို ပြုလုပ်ခဲ့သည်။

သို့ရာတွင် အများစုမှာ ဖမ်းဆီးချုပ်နှောင်ခံထားရပြီးနောက် ချုပ်နှောင်ခံအရပ်သားများကို လည်လှီးကာ သတ်ဖြတ်ခြင်း၊ သေနတ်ဖြင့် ပစ်သတ်ခြင်းနှင့် အရှင်မြေမြှုပ်သတ်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ ကြသည်။ Kachin State Human Rights Network ၏ ကနဦးလေ့လာတွေ့ရှိချက်အရ စစ်ကောင်စီနှင့် ၎င်း၏လက်အောက်ခံ ရှမ်းနီတပ်( SNA )များမှာ အရပ်သားပြည်သူ အနည်းဆုံး( ၁၂၀ )ဦးသတ်ဖြတ်ခဲ့သည်။

# ထပ်တိုးဖော်ပြချက်

ယခုအချိန်သည် အိမ်ထောင်(၂၀၀) ဝန်းကျင်ခန့်များသည် ကျေးရွာသွင်းသို့ပြန်လည်နေထိုင်လျက်ရှိနေကြပြီး အများစုမှာ ဆယ်ဇင်းကျေးရွာရှိပြည်သူများသည် တာမခံ၊ ပေါင်ပါး၊ ဖားကန့်၊ မိုးညှင်း စသည့်ဒေသများတွင် မိမိအစီစဉ်ဖြင့် တိမ်ရှောင်နေကြလျက်ရှိနေကြကာ စစ်ရှောင်စခန်းအဖြစ်ဖွင့်လှစ်ထားသော စစ်ရှောင်စခန်း ( တာမခံ )( မော်မုန်) နှစ်ခုတွင်လည်း နေထိုင်လျက်ရှိသည်။

တစ်ဖက်တွင်လည်း ရှမ်းနီတပ်( SNA ) နဲ့ စစ်ကောင်စီတပ်များသည် မတ်လ(၃၀) မတိုင်မီထိ ဆယ်ဇင်းကျေးရွာထဲသို့ ပြန်ရောက်မနေထိုင်သူများ၏ ခြံဝင်းများကို ပေတိုင်းတာကာ ချိတ်ပိတ်ပြီး ရောင်းချသွားမည်ဖြစ်ကြောင်းလည်း ခြိမ်းခြောက်ထားကြသည်။

*" အခုနေထိုင်နေတဲ့လူတွေကလည်း သူတို့ ( စကစ၊ SNA ) နဲ့ နည်းနည်းကပ်ကပ်နေတဲ့လူတွေများတယ်။ တခြားလူတွေကိုဆိုရင် ပြန်လာတာနဲ့ နာမည်စရင်း ထည့်ရတယ်စစ်ဆေးခံရတယ် ပြီးရင် လူကိုကြည့်ပြီး ပြန်ဖမ်းတာတွေလုပ်တယ်" " အထူးသဖြင့် ကချင်လူမျိုး၊ရခိုင်လူမျိုး နှင့် ရှမ်းလူမျိုးဆိုရင် ပိုစစ်ဆေးပြီး ဖမ်းတယ်၊ ကျွန်တော် တောင်မှ နည်မည်စရင်းထည့်ပြီး တော့ မီးလောင်သွားတဲ့ကျွန်တော့အိမ်ကို သန့်ရှင်းသွားလုပ်နေတဲ့ချိန် ကျွန်တော်ကို ဖမ်းဖို့လာနေတယ်ဆိုတာသတင်းကြားလို့ ပြန်ထွက်ပြေးခဲ့ရတယ်" "ပြီးခဲ့တဲ့ ဖေဖော်ရီလ ထဲမှာတောင် လူလေးယောက်ကိုသတ်လိုက်တယ် အသတ်ခံရတဲ့ထဲမှာ တစ်ဦးကကချင်ပာတ်တယ် ကျန်သုံးဦးကတော့ ရှမ်းပာတ်တယ်၊ သူတို့ကိုလည်း ကချင်နဲ့ အတူရှိနေတဲ့အတွက် သတ်လိုက်တယ်လို့ပြောတယ်" (မီးရှူဖျတ်ဆီခံရသူ ဦးနော် ၏ပြောပြချက်)*

## လွတ်မြောက်လာသူများမှပြန်လည်ပြောပြချက်အချို့ကို မူရင်းပြောပြသည့်အတိုင်း ပြန်လည်ဖော်ပြထားသည်။

| | |
|---|---|
| သတ်ဖြတ်ခံရသူအမည်။ | အောင်အောင်( အမည်ဝှက်) |
| အသက်။ | ၃၃ ( နှစ် ) |
| လူမျိုး။ | ရှမ်း |
| အလုပ်အကိုင်။ | ကုန်တင်ကုန်ချ ( ဆယ်ဇင်း ) |
| အဖမ်းခံရသည့်နေ့။ | August (တစ်ဆယ်ကျော်ခန့်)၊ ၂၀၂၂ |
| လွတ်မြောက်လာသည့် နေ့။ | ဇန်နဝါရီလ ၁၉ ရက်ညှ၊ ၂၀၂၃ |
| ကျူးလွန်သူ။ | စစ်ကောင်စီတပ် နှင့် ရှမ်းနီပြည်သူ့စစ်ခေါ် SNA အဖွဲ့ |
| ဖမ်းဆီးချုပ်နှောင်ခံရသည့်နေရာ။ | ဆယ်ဇင်း ရဲစခန်း |
| မှတ်တမ်းကောက်ယူသည့်နေ့။ | မတ်လ၊ ၈ ရက်၊ ၂၀၂၃ |

**မှတ်ချက်။ အတူဖမ်းဆီးခံရသူများ(လည်လှီးသတ်ခံရပြီး သေဆုံး)(၁) ဦးဖိုးစည် (၆၇ နှစ်)၊ (၂) ကောင်းမြတ်သူရိန်( ၂၀ နှစ်)၊ မောင်ဇော်မျိုးထွေး(၂၃နှစ်)၊ ဦးဖိုးယော(၄၁နှစ်)**

**ဦးအောင်အောင်ပြောပြချက်။**

ကျွန်တော် ဘယ်နေ့ဖမ်းခံရတယ်ဆိုတာကို ကျွန်တော်အတိအကျမပြောနိုင်ဘူးဖြစ်နေတယ်။ ဘာလို့လဲဆိုတော့ ဘာမှကိုမသိတော့ဘူးဖုန်းလည်းမသုံးရ၊ ဘာပစ္စည်းမှလည်းပါမသွားနိုင်ခဲ့ဘူး ဒီတိုင်းထွက်လာတဲ့ချိန် ဖမ်းခံရတယ်ဆိုတော့ ဘယ်နေ့ မှန်းတောင်မသိတော့ဘူး။ ဒါပေမဲ့ လွတ်မြောက်လာတာကတော့ အခုဒီနှစ်(၂၀၂၃) ဇန်နဝါရီလ(၁၉) ရက်ညမှာ ဟုတ်တယ်။ လွတ်လာတဲ့နေ့ဆိုရင် ခြောက်လပြည့်ဖို့အတွက် ဆယ့်တစ်ရက်လား ဆယ့်နှစ်ရက်လား ပဲလိုတယ်လို့ပြောတယ် ပြန်တွက်ကြည့်ရမယ်။ ဆယ်ဇင်း မှာက အဓိက ရွှေလုပ်တယ်၊ ကုန်ရောင်းကုန်ဝယ်တွေလည်းလုပ်ကြတယ်။အိမ်ထောင်စုက ခန့်မှန်းခြေ တစ်ထောင်လောက်တော့ရှိမယ်ထင်တယ် အတိအကျတော့မသိဘူး။ ရက်အတိအကျတော့မသိဘူး ကျွန်တော်တို့အဖမ်းမခံရခင် ဆယ်ရက်လောက်အလိုမှ ကေအိုင်စစ်တပ်နှင့် ဒေသကာကွယ်ရေးတပ်( PDF ) ပူးပေါင်းတပ်တွေနှင့် မြန်မာစစ်တပ်တိုက်ပွဲဖြစ်ကြတယ်။ တိုက်ပွဲဖြစ်ပြီး သုံးလေးရက်မှာ မြန်မာစစ်တပ်နဲ့ ရှမ်းနီပြည်သူ့စစ် စစ်ကြောင်းတွေ ရက်ကွက်ထဲကို ဆက်တိုက်စစ်ကြောင်းထိုးကြတယ်။ အဲ့ချိန် ပြည်သူတွေက ဘုန်းကြီးကျောင်းထဲ ထွက်ပြေးနေကြပြီ။ နောက်တော့ မြန်မာစစ်တပ်တွေဝင်လာပြီး လေယဉ်နဲ့ပုံးကြဲတယ် ရွာသားတွေကိုလည်း သတ်တယ်၊ တိုက်ပွဲဖြစ်တော့ ပထမတော့

ကျွန်တော်တို့လည်း ရွာနားက အိမ်ကထမင်းတွေစားပြီး နေနေတာပာတ်တယ်။ ကြာလာတော့ကျွန်တော်တို့လည်း မနေရဲတော့ဘူး ရက်ကွက်ထဲကိုလည်း ဝင်လို့မရ တွေ့တဲ့လူကိုပစ်သတ်တယ်၊ ဖမ်းတယ်။

ကျွန်တော်တို့နဲ့သိတဲ့လူတွေက တစ်ရက်တစ်ရက် ပျောက်ပျောက်သွားတာ၊ ဘုန်းကြီးတွေတောင် မဝင်ရဲဘူး ကျွန်တော်တို့လည်းမနေရဲတော့ဘူး အဲ့တာကြောင့် ဖားကန့် တာမခံ ဖက်ကို ဆိုင်ကယ်နဲ့ ထွက်သွားဖို့သွားတဲ့ချိန်ဖမ်းခံရတာဟုတ်တယ်။ ကျွန်တော်တို့ နဲ့အတူဖမ်းခံရတာကတော့ ငါးဦးဟုတ်တယ်။ သူတို့က (မြန်မာစစ်တပ် နှင့် ရှမ်းနီပြည်သူ့စစ် ) က ရဲစခန်းမှာ တစ်တပ်၊ စာသင်ကျောင်းမှာ တစ်တပ် အခြေချထားကြတယ်။ တိုက်ပွဲဖြစ်ပြီးတဲ့ချိန်သူတို့က (စစ်တပ်) အောက်ရွာကအိမ်တွေအကုန်လုံး မီးရှို့လိုက်တယ်။ ပထမတော့ လေယာဉ်နှင့် ဗုံးအရင်ကျဲတယ် လေယာဉ်ဗုံးနဲ့ အိမ်အရင်လောင်တယ်ပြီးတော့ သူတို့(စစ်တပ်)တွေက ညသန်းခေါင်လောက်မှာ အောက်ရပ်ကွက် က ရပ်ကွက်(၃)၊ ရပ်ကွက်(၄)၊ ရပ်ကွက်(၅) အကုန်ရှို့လိုက်တယ်။ အိမ်ခြေ လေးရာ၊ ငါးရာ လောက်ရှိတယ် အကုန်ရှို့လိုက်တယ်။ မီးမလောင်တဲ့အိမ် တွေမှာဆို သူတို့က ချဉ်ပေါင်ရွက်တောင်မကျန်ဘူး ပြည်သူတွေရဲ့အိမ်ထဲက ပစ္စည်းတွေအကုန်ယူသွားကြတယ်။ မီးမလောင်တဲ့ အထက်ဖက်က ရပ်ကွက်အိမ်က ဆန်တွေ အကုန်ယူတယ်။ ကျွဲ နွား တွေ အကုန်သတ် ချဉ်ပေါင်ရွက်တောင်မကျန်ဘူး အကုန်ယူသွားကြတယ်။

ကျွန်တော်တို့ဖြတ်သွားတဲ့အချိန်မှာ မြန်မာစစ်တပ်တန်းစီပြီးလာခဲ့တယ် ကျွန်တော်တို့ကို "အားလုံးမောက်ထား မောက်ထား" ဆိုပြီးတော့ လမ်းပေါ် ခေါင်းမောက်ထားခိုင်းတယ် တစ်နာရီလောက်ကြတယ်။ လွှတ်မယ်လို့ပဲထင်တာ နောက်တော့ကျွန်တော်တို့ကို ရဲစခန်းထဲ ခေါ်သွားတာ၊ ကျွန်တော်နဲ့ အတူဖမ်းခံရတဲ့သူကတော့ (၁) ဦးဖိုးစည် အသက်(၆၇)၊ (၂) ကောင်းမြတ်သူရိန် ( ၂၀ နှစ်)၊ မောင်ဇော်မျိုးထွေး(၂၃နှစ်)၊ ဦးဖိုးယော ( ၄၁ နှစ် ) ဟုတ်တယ်။ ကျွန်တော်တို့က ခေါ်သွားတာကတော့ နာရေးအသင်း ကားပေါ်တင်ပြီး တော့ ဆယ်ဇင်း ရဲစခန်းကိုခေါ်သွားတာဟုတ်တယ်။ အဲ့ချိန်တော့ မနက်(၁၁) နာရီလောက်ရှိမယ်။ ရဲစခန်းရောက်တော့ စစ်ဆေးပြီးပြန်လွှတ်မယ်ထင်တာ ဘာစစ်ဆေးမှုတွေလည်းမရှိပဲ အချုပ်ထဲမှာ မှာထားတယ်။ ကျွန်တော်တို့ ကိုထည့်ထားတဲ့အခန်းမှာက ရှစ်ယောက်ဟုတ်တယ်။ နောက်လေးရက်လောက်ဆိုရင် လေးယောက်ထပ်ရောက်လာတယ် စုစုပေါင်း (၁၂) ယောက်ဟုတ်တယ်။ တစ်ခြားအခန်းမှာလည်း သုံး၊ လေးယောက် လောက်ကိုတွေ့တယ်။

လူဆယ်ယောက်လုံးက ဆယ်ပေလောက်ပဲရှိတဲ့ အခန်းမှာ နေရတယ်။ စားတာအိပ်တာ အဲ့မှာပဲ၊ အိမ်သာတက်တာလည်း အဲ့မှာပဲ။ လေးယောက်က အဲ့မှာပဲဆုံးသွားတာ ရောဂါနဲ့ဆုံးသွားတာလို့ ပြောတာပဲ။ အချုပ်ခန်းထဲမှာပဲ ဆုံးသွားတာဟုတ်တယ်။ ကျွန်တော်ကိုတော့ ရိုက်နှက်တာတွေ အများကြီးမကြုံရဘူး ကျွန်တော်နဲ့ တစ်ခန်းထဲ ရှိတဲ့ အကို ချစ်စမ်းမောင် ဆိုသူ ကတော့ ကျွန်တော်တို့မရောက်ခင်ကတည်းက နှိပ်စက်ရိုက်နှက်ခံထားရတယ်။ သူပြောပြတာကတော့ ကျွန်တော်တို့မရောက်ခင် လူတွေကို အရှင်လက် လက်မြှုပ်သတ်တယ်၊ သေနတ်နဲ့ပစ်သတ်တယ် လို့ပြောပြတယ်။ သူ လည်း တစ်ခေါက် ခေါ်ထုတ်ခံရဖူးတယ်တဲ့ သူနဲ့အတူပါသွားတဲ့ လူတွေအကုန်လုံးကို ဆယ်ငါးယောက်(၁၅) အရှင်လက်လက် မြေမြှုပ်သတ်လိုက်တာတဲ့ တစ်ချို့ကိုတော့ ဥရုချောင်းဘေးမှာ ပစ်သတ်တယ် တဲ့၊ သူပဲ ဘာကြောင့်လဲမသိဘူး "ဟော့မင်းကံကောင်းသွားတယ်" ဆိုပြီးတော့ ရဲစခန်းအချုပ်ကိုပြန်လာထည့်တာဟုတ်တယ်ဆိုပြီး သူ(ချစ်စမ်းမောင်) က ကျွန်တော်တို့ကိုပြောပြတယ်။ သူ့သူငယ်ချင်းတစ်ယောက်ကတော့ နှိပ်စက်တာမခံနိုင်လို့ ကြိုးဆွဲချသေသွားတယ် လို့လည်းပြောပြတယ်။ သူက(ဦးချစ်စမ်းမောင်) ကျွန်တော်တို့ကို ပြောပြတယ် "ငါ့ညီတို့ရောက်လာ တာတော်တော် ကံဆိုးတာပေါ့လေ" လို့ပြောတယ် ကျွန်တော်တို့ကလည်း "ဘာဖြစ်လို့လဲ စစ်ပြီးရင်ပြန်လွှတ် မယ်လို့ပြောတယ်" လို့ပြောတော့ သူကပြောပြတယ် "ဘယ်လွှတ်မလဲ ငါ့ညီ ကြည့်ထားစစ်မေးပြီးသွားရင် သုံးဘီးနဲ့လာခေါ်သွားလိမ့်မယ် ပြီးရင် အရှင်လက်လက် မြေမြှုပ်သတ်လိမ့်မယ် မဟုတ်ရင် ပစ်သတ်လိမ်မယ်" "ကျွန်တော့ရှေ့မှာတင် သတ်လိုက်တာအများကြီးပဲလို့ပြောတယ်။ သတ်တဲ့နေရာက ဥရုချောင်းနဲ့ နဘေးမှာထင်တယ် ဘာကြောင့်လဲဆိုတော့ အလောင်းပစ်ချတဲ့ချိန် ချောင်း(ရေ)အသံကြားရတယ်" လို့ပြောပြတယ်။ သူ့အရှေ့မှာ အဲ့လိုခေါ်သွားတာ သုံး လေး တုတ် လောက်ရှိတယ်လို့ပြောပြတယ် တစ်ခါခေါ်ထုတ်ရင် အနည်းဆုံး ဆယ်ငါးယောက်လောက် ရှိတယ်တဲ့။ ကျွန်တော်တို့ ရောက်တဲ့ချိန်တော့ ကျွန်တော်တို့ အရှေ့မှာ ခေါ်ထုတ်သွားတာက သုံးတုတ်လောက်ရှိတယ်။ ခေါ်ထုတ်သွားပြီးဆို ပြန်မလာတော့ဘူး တစ်ချို့ကို လည်လှီးသတ်တယ်၊ တစ်ချို့ကိုတော့ သေနတ်နဲ့ပစ်သတ်တယ် လို့ပြောတယ်။ ဆယ်ဇင်းမှာ အဲ့ချိန်တုန်းက ပစ်သတ်ခံရတာ၊ လည်လှီးသတ်ခံရတာ၊ မြေမြှုပ်သတ်ခံရတာတွေ အားလုံးပေါင်းရင် သုံးလေး ရာလောက် ရှိမယ်ထင်တယ်။ မြေမြှုပ်သတ်တာကတော့ သူတို့ပြောတဲ့ ရှမ်းနီကွင်းလို့ခေါ်တဲ့ မန်စိန်းချောင်းဘေးက ရှမ်းနီစစ်တပ် ဝင်းထဲမှာပဲ ဟုတ်တယ်။ သတ်ခံရတဲ့ထဲမှာ အမျိုးသမီး တွေလည်းပါတယ်။

ကျွန်တော်တို့ကို မသတ်ခင် တစ်လလောက်အလိုမှာ နှစ်ယောက်ကိုအရင်ခေါ်ထုတ်ပြီး သတ်လိုက်ပြီ။ ကျွန်တော်တို့အားလုံးပေါင်း (၈) ရောက်ကိုတော့ ၂၀၂၃၊ ဇန်နဝါရီလ(၁၉) ရက်နေ့ည

(၉)နာရီခန့်မှာ အချုပ်ခန်းကနေခေါ်ထုတ်သွားတယ်၊ ပါးစပ်ကို တိပ်နဲ့ပတ်ပြီးပိတ်ထားလိုက်တယ်၊ ပြီးတော့ မျက်စိကိုလည်း ပုဆိုးစိမ်းနဲ့ စည်းထားပေးတယ်၊ လက်ကိုကျတော့ ပထမအဆင့်မှာက ဆွဲပြီးကြပ်ရတဲ့ ကြိုးအဖြူနဲ့ သုံးလေးခုလောက်နဲ့ ချည်ထားပေးတယ် ပြီးရင် အပေါ်မှာ ကြိုးနဲ့ပြန်ချည်ထားတယ်၊ ၎င်းအပေါ်မှာ အဝတ်နဲ့ပြန်ပတ်ပြီး ချည်ထား ပေးတယ်။ မင်းတို့ကို မေးစရာရှိတယ် ပြီးရင်ပြန်လွှတ်မှာ လို့ပြောပြီး စစ်သားနဲ့ ရဲ ဟုတ်တယ်ခေါ်သွားတာ ကားအဖြူနှစ်စီးနဲ့။ ဘယ်ကိုခေါ်သွားလဲဆိုရင် သဲဇလောက် ဆိုတဲ့နေရာနဲ့ သဲပူဂေါ် ကြားကို ခေါ်သွားတယ်။ နောက်နေ့ဆိုင်းဘုတ်တွေ့လိုက်လို့သိရတာ။

ကျွန်တော်တို့ကို လမ်းတစ်နေရာမှာ ရောက်တော့ ရှမ်းနီစစ်သား(SNA) တွေလည်းပါလာတယ်။ သူတို့ကျွန်တော်တို့ကို လမ်းတစ်နေရာမှာ ဒူးပြန်ထောက်ခိုင်းထားတယ်ပြီးတော့ ကျွန်တော်တို့ကို သတ်မဲ့နေရာ လိုက်ရှာနေတယ်ထင်တယ် အဲ့မှာ အကြာကြီးပဲ ဒူးထောက်ခိုင်းထားပြီးတော့ ဂါထာတွေရွတ်ပြီး ကျွန်တော်တို့ကို ရေလား အမှုန့်လားမသိဘူး တစ်ခုခုနဲ့ပတ်ပြီးတော့ ရှမ်းလို ဘာတွေပြောလဲမသိဘူး ရွတ်ကြတယ်။ အဲ့ချိန် ကျွန်တော်သိလိုက်ပြီ ကျွန်တော်တို့ကို သတ်တော့မယ်ဆိုတာ အဲ့တာနဲ့ကျွန်တော်တို့ကို "တန်းစီ" ဆိုပြီးအော်ပြီး တန်းစီခိုင်းလိုက်ပြီးတော့ "ခေါင်းငုံ့ ငုံ့" ဆိုပြီးတွဲခေါ်သွားတယ်။ အဲ့မှာ နာရီဝက်လောက်လျှောက်ရတယ်။ ကျွန်တော်နောက်မှာနေတဲ့သူတစ်ယောက်က လမ်းမလျှောက်နိုင်တော့ သူ့ကို ဒီလိုပဲဆွဲခေါ် သွားကြတယ်။ မလျှောက်နိုင်တော့ဘူးလို့ပြောတော့ အော်ဆဲပြီး ရိုက်နက်တာတွေကြားရတယ်။ ကျွန်တော်တို့ကို ရွာကို(ဆယ်ဇင်း) လူတွေလာနေ(ရောက်) ရင်မင်းတို့အားလုံးကို ပြန်လွှတ်ပေးမယ်ပြောတယ်၊ တာပေမဲ့ ရွာကို လူတွေပြန်လာပေမဲ့ "လွှတ်လည်းမလွှတ်ဘူး" အခုလိုသတ်တာဟုတ်တယ်။

နောက်ကျွန်တော်တို့ကို သတ်မဲ့နေရာရောက်တဲ့ချိန် တန်းစီပြီးထိုင်ခိုင်းထားလိုက်တယ်။ ထိုင်ခိုင်းတဲ့နေရာက ကျောက်ကန်းပါး နံခမ်းမှာဟုတ်တယ်။ ရွှေမျောလုပ်ကွက်ဟောင်းလို့ထင်တယ်။ သတ်တဲ့နေရာ မှာက စစ်သားတွေရဲ့အသံတော့ အဝေးကနေပဲကြားနေရတယ် ကျွန်တော်တို့ ဘေးပတ်ပတ်လည်မှာရှိနေတာကတော့ ရှမ်းနီစစ်သားတွေပဲ အကုန်လုံးက ရှမ်းလိုပဲပြောကြတယ်။ တန်းစီခိုင်းထားတဲ့ချိန် "ဒုတ် ဒုတ်" ဆိုပြီး အသံနှစ်ချက်ကြားတာနဲ့ "ဂရောင်း" ဆိုပြီး ကျောက်ပေါ်လိမ့်ကျတဲ့အသံ တွေကြားနေရပြီ" ကျွန်တော်သိလိုက်တာက ခေါင်းနောက်စိကို တစ်ခုခုနဲ့ရိုက်ပြီး ကန်းပါးပေါ်ကနေပစ်ချ လိုက်တယ် ဆိုပြီး တွေးလိုက်ပြီ လည်လှီးတာတော့ မထင်လိုက်ဘူး။ လည်လှီးတယ်ဆိုတာ ကျွန်တော့်ကို လှီးမှပဲသိလိုက်ရတယ်။

အေ့လိုပဲ တစ်ယောက်ပြီးတစ်ယောက် "အုတ်အုတ်" "ဂရောင်း" ဆိုတဲ့အသံကြားပြီး ကျွန်တော့်အလည့် ရောက်လာတယ်။ ကျွန်တော့် ခေါင်းနောက်စိကို နှစ်ချက်ရိုက်လိုက်တယ် "အုတ်" ပြီးတော့ ပြီးတာနဲ့ ကျွန်တော့်ကို တွန်းချလိုက်တယ် ကမ်းပါးအောက်ကို ပြီးတော့ ကမ်းပါးအောက်က စစ်သားတစ်ယောက်က စောင့်နေပြီးတော့ ကျလာတဲ့လူတွေကိုတစ်ယောက်ချင်း လည်လှီးပေးနေတာ။ ကျွန်တော့်ကကျတာ ပလက်လှန်ပြီး ကျတာမဟုတ်ပဲ ဘေးစောင်း အနေအထားမျိုးနဲ့ ကျတာဟုတ်တယ် အဲ့တာကြောင့် လည်လှီးတာသိပ်မထိရောက်တလိုဖြစ်သွားပြီး အသက်မသေတာဟုတ်တယ်။ တခြားလူတွေကတော့ ပလက်လှန်အနေအထားမျိုး လိမ့်ကျသွားတာဟုတ်တယ်။

ကျွန်တော်လဲနေတဲ့ချိန် စစ်သားတစ်ယောက်လာပြီးတော့ လည်ပင်းကို ဓားအသေးနဲ့ လွှဆွဲတဲလိုဆွဲ ပြီးလှီးလိုက်တော့ အိကနဲခံစားသွားတယ်။ အေ့ချိန်မှ လည်လှီးပေးတယ်ဆိုတာ သိလိုက်တာဟုတ်တယ်။ ကျွန်တော်လည်း မျက်စိတွေပြာပြီးတော့ ခဏမေ့သွားတယ် ပြီးတော့ အသံတစ်ခုကြားလိုက်တယ်။ "မသေသေးတာဘယ်သူရှိလဲ" ဆိုပြီးတော့ ကျွန်တော်နဲ့အတူ လွတ်လာတဲ့ထဲကတစ်ယောက် ဦးဖိုးယောကအော်နေတယ်။ ကျွန်တော်လည်း ရသလောက် ကိုယ်လှုပ်ပြပြီး တော့ တိပ်ကို ကိုက်ဖျတ်ဖို့ကြိုးစားလိုက်တယ်။ ပြီးတော့ မသေသေးပဲ ရှိနေတာ ကျွန်တော်နဲ့ဆို သုံးယောက်ဟုတ်တယ် အချင်းချင်း ပါးစပ်က တိတ်တွေခွာပြီး လက်က ချည်ထားတဲ့ကြိုးတွေအချင်း ပြန်ဖြုတ် ယူခဲ့ကြတယ်။ တခြားလူတွေ ငါးယောက်ကို အသက်ရှင်သေးလားလို့ကြည့်လိုက်တော့ အကုန်လုံးသေနေပြီး အကုန်လုံးက လည်လှီးခံရတာတွေချည်းပဲ။

ကျွန်တော်တို့ပြန် သတိရလာတဲ့ချိန် ခန့်မှန်းခြေ ည(၁၁) ခန့်တော့ရှိတယ်။ ဘေးပတ်ပတ်လည်မှာ တောတွေရှိတယ်။ နေရာက ရွှေမှုံ မျော ကျင်းပောင်းဟုတ်တယ်။ ကျွန်တော်တို့က ဘယ်နေရာရောက်နေမှန်း လည်းမသိဘူး ကျွန်တော်တို့ အဲ့မှာပဲခဏနားပြီး မိုးလင်းအောင်စောင့်လိုက်တယ် သိပ်မဝေးတဲ့နေရာမှာ ပွဲရှိတယ်ထင်တယ် အသံတွေကြားနေရတယ် အဲ့တာကြောင့် လမ်းမကြီးနဲ့တော့ နီးမှာပဲဆိုပြီးတော့ ပြန်ထွက်လာလိုက်တယ်။ ကျွန်တော်တို့ကို ချုပ်ထားတဲ့နေရာနဲ့ သတ်တဲ့နေကြားမှာ တစ်နာရီလောက်တော့ကြာတယ် အဲ့လောက်ဝေးတယ်။ ကျွန်တော်တစ်ကိုယ်လုံးကသွေးတွေပဲ အသားတွေလည်း ဖြူဖတ်နေတယ်။ တံထွေးမြိုချရင်လည်း အရမ်းနာတယ် ဒါပေမဲ့အနာကို ဘယ်သူမှမတွေ့အောင်ဖုံးပြီးတော့ လမ်းမပေါ်ထွက်လာလိုက်တယ်။ အဲ့ချိန် မနက်မိုးလင်းနေပြီ။ လမ်းမပေါ်ရောက်တာနဲ့လူတွေလည်း ပွဲကပြန်လာတဲ့လူတွေလားမသိဘူး သွားနေကြတယ်။ လမ်းနည်းနည်းလျှောက်ခဲ့တယ် ရှမ်းနီတွေတွေ့ရင်ပြန် သတ်မှာပဲဆိုပြီးတော့

လည်ပင်းကို ဖုံးပြီး လမ်းလျှောက် လျှောက်နေတဲ့ချိန် အသိတစ်ယောက်ကို တွေ့လိုက်တယ်။ သူ့ကို အကူအညီတောင်းတယ် ကျွန်တော်တို့ကို လိုက်ပို့ပါအဆင်ပြေတဲ့ နေရာထိဆိုပြီးတော့ ပြောတော့ သူကျွန်တော်တို့ကို သဲပူဂေါ် ကနေ ရွှေတွင်းလမ်းဆုံအထိ ဆိုင်ကယ်တစ်စီးမှာ လေးယောက်စီးပြီးတော့ ပို့ထားတယ်။ အဲ့ချိန် သဲဇလောက် ဆိုတဲ့နေရာနဲ့ သဲပူဂေါ်ကြားမှန်း သိလိုက်တယ် ဆိုင်းဘုတ်တွေ့လိုက်လို့။

အဲ့မှာရောက်တော့ အဲ့လမ်းသွားလို့မရတော့ဘူး ရှမ်းနီစစ်တပ်ဂိတ်တွေရှိတယ် အဲ့တာကြောင့် ကျွန်တော်နဲ့ အတူလွတ်လာတဲ့ မောင်မြင်းခန့် ရဲ့အသိတစ်ယောက်က ဥရုချောင်း ကူးတို့ကူးတဲ့ လူတစ်ယောက်ရှိတယ် သူ့ကိုကူအညီသွားတောင်းမယ်ဆိုပြီးတော့ ဥရုချောင်းအထိသွားပြီးတော့ ရှမ်းနီဂိတ်ကို ရှောင်ကွင်းဖို့အတွက် ဥရုချောင်းဟိုဘက်ကမ်းကိုကူးသွားလိုက်တယ်။ ကူးသွားပြီး အေ့မှာတစ်ညအိပ်လိုက်တယ် ပြီးတော့ ဆိုင်ကယ်ကယ်ရီငှားပြီးတော့ ဆယ်ဇင်းအထွက်ထိ သွားလိုက်ပြီးတော့ ကျွန်တော့်အသိ အမတစ်ယောက်နဲ့တွေ့တယ်။ ပြီးတော့ သူ(သူငယ်ချင်း အမျိုးသမီး) ကဒီက ဆယ်ဇင်းတိုက်နယ်မှူး ( ကေအိုင်အေ) နဲ့ခင်တော့ သူ့ကိုအကြောင်း ကြားပြီးတော့ ဒီကို ( တုန်ပင် ကျေးရွာ၊ တုန်ပင်တိုက်နယ်ရုံး ) ရောက်တာနဲ့ အနာဆေး ကုပြီးချုပ်ပေးတယ်။ သတ်တဲ့ည နဲ့ဒီကိုရောက်တဲ့နေ့ဆိုရင် နှစ်ရက်ကြာမှ ဒီကိုရောက်တာပေါ့။

တိုက်ပွဲဖြစ်တုန်းက စစ်တပ်တွေ ရက်ကွက်အိမ်တွေကို မီးလိုက်ရှို့တယ် အဲ့ချိန် ပြည်သူတွေက ဘုန်းကြီးကျောင်းမှာ အားလုံးစုနေကြတယ်။မီးလောင်လို့ သွားငြိမ်းတဲ့ ပြည်သူတွေကို ပစ်သတ်တာ အများကြီးပဲ။ ပစ္စည်းတွေယူသွားတာလဲ ဘာမှမကျန်အောင်ယူသွားကြတယ်။ အပြစ်ရှိလို့ သတ်တယ်ဆိုရင်တော့ လက်ခံနိုင်တယ် အခုဟာက ဘာအပစ်မှမရှိတဲ့ ပြည်သူတွေကို လိုက်သတ်တယ်ဆိုတော့ မကျေနပ်ဘူး။


ဦးအောင်အောင်


U Zaw Zaw

**စစ်ကောင်စီတပ်ဖွဲ့များမှ ရဲ သေနတ်ပစ်သတ်ကာသေဆုံးသွားသူ ဦးကျော်၏ ဇနီးပြောပြချက်**

| | |
|---|---|
| လူ့အခွင့်အရေးချိုးဖောက်ခံရသူ | _ ဦးကျော် |
| အသက် | - ၃၃ နှစ် |
| ကျား/မ | - ကျား |
| အိမ်ထောင်ရှိ/မရှိ | - ရှိ |
| ဇနီး(သို့)ခင်ပွန်းအမည် | - ဒေါ် ဝင်း |
| မိသားစု (ကလေး) | - ၂ဦး |
| ကိုးကွယ်သည့်ဘာသာ | - ဗုဒ္ဓ ဘာသာ |
| အလုပ်အကိုင် | - ကျပန်း |
| လူမျိုး | - ရှမ်းကြီး |
| နေရပ်လိပ်စာ | - ဆယ်ဇင်းရပ်ကွက် (၁)၊ဖားကန့်မြို့ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဆယ်ဇင်း၊သာသနာ့ ပါဠိ ကျောင်းတိုက် |
| အခင်းဖြစ်ပွားသည့်နေ့ရက် | - ၁၀.၈.၂၀၂၂ ( August 10th 2022 )<br>မြန်နာရီခွဲ၇ |
| ကျူးလွန်သူအမည် | - ဆယ်ဇင်းရဲစခန်း တွင် အခြေစိုက်ထားသော စစ်ကောင်စီတပ် |
| မှတ်တမ်းယူသည့်နေ့ | - ၁၅၊၈၊၂၀၂၂ |
| မှတ်တမ်းကောက်ယူသူ | - Voice for Voiceless- Kachin State<br>( Kachin State Human Rights Network ) |

**ပြောပြချက်**

အစတုန်းကကျတော့ ကျမတို့နေတဲ့နေရာ တာမခံနားကနေ ဒီဘက်အောက်ဖက်ကျောက်ပုံနားမှာစစ်ဖြစ်နေတယ်ဆိုတာတော့ကြားတယ် အမေတို့ကလည်းခေါ်တယ် လာခဲ့ပါလာခဲ့ပါဆိုတော့ ကျမတို့ကကိုယ်နေတဲ့နေရာကို ခင်တွယ်တာပေါ့ ပြီးတော့ကျမတို့ကအောက်ဖက်ကနေစက်လှေနဲ့ ဆိုတော့အဲ့ လမ်းကြောတွေက ပိတ်ထား တာအဲ့ဆိုတော့ဒီဖက် ဟောင်ပါးရွာ တစ်ခုပဲ လမ်းဖွင့်တာလေဒီဟိုပင်လမ်းကသွားလို့မရဘူး။ အဲ့ကြောင့်လမ်းဖွင့်တဲ့နေရာ ကနေသွားရအောင် ဆိုပြီးတော့ သုံးဘီးနဲ့ (၈) ရက်နေ့မနက်လာခေါ်တယ် ကျမတို့မိသားစုနဲ့ အတူသွားရအောင်ဆိုပြီး ကျမက ငွေကြေးအလုံအလောက်နဲ့ လိုက်သွားချင်တာ ကျမယောကျ်ားက သုံးဘီးနဲ့ဆိုရင် ကလေးတွေနဲ့ရေရှည် မဖြစ်နိုင်ဘူး ဒီလောက်ထိဖြစ်မယ်လို့လည်း မထင်ဘူး အဲ့လိုနဲ့ ၈၊၈၊၂၀၂၂

ရက်နေ့မသွားဖြစ်လိုက်ဘူး၊ ၉ရက်နေ့ကျတော့ ၉နာရီ ၁၀နာရီလောက်မှာ ဒီကေအိုင်အေတပ်ဖွဲ့တွေ စာသင်ကျောင်းဘက်ကနေ တက်လာတာမြင် လိုက်တယ်။ အဲ့တာနဲ့ ကျမက ရှမ်းနီ(SNA) တွေနဲ့ဖြစ်ကြတော့မှာသိနေတယ် လုံခြုံမယ့်နေရာက စာသင်ကျောင်းနဲ့ဘုန်းကြီးကျောင်းပဲရှိတယ် ဆိုတော့ ဘုန်းကြီးကျောင်းကို ကျမတို့ မိသားစု ကပြာကရာနဲ့သုံး ဘီးကားနဲ့ လာခဲ့လိုက်တာ ကျမယောကျာ်းကတော့ ကျင်းပုန်းတူးထားတဲ့နေရာပဲ တစ်ယောက်တည်း ကျန်ခဲ့လိုက်တယ်။

ကျမတို့ ဘုန်းကြီးကျောင်း ( ဆယ်ဇင်း၊ သာသနာ့ ပါဠ ကျောင်းတိုက်) ကို ရောက်သွားတော့ ကလေးတွေက ဗိုက်ကဆာနေကြပြီ ကျမလည်းထမင်းသွား ယူရအောင်ဆိုပြီး ဘေးနားကအိမ်မှာ ကျမတို့အိမ်နီးနားချင်းက ကောင်မလေးနှစ်ယောက်နဲ့ သွားယူကြတယ်၊ အဲ့ချိန်မှာ လေယာဉ်က ပျံနေပြီ ကျမတို့လည်း ဘုရားကျောင်းဘေးကကပ်ပြီး အပေါ်ကို ပြေးတာလေ ပြေးတော့ ဘုန်းကြီးကျောင်းနဲ့လည်း သိပ်မဝေးဘူး ကျမတို့က ဖိနပ်တွေလည်း ကျွတ်လို့ပြေးတာ ဘောလုံးကွင်းနားက သူများအိမ်မှာ ခိုနေကြတာ၊ လေယာဉ်က ပျံနေပြီ ပြီးတော့ ဘုန်းကြီးကျောင်းရောက်တဲ့ချိန်မှာ စစ်တပ်တွေ လေယာဉ်နဲ့ ရက်ကွက်ထဲကို လက်နက်ကြီးနဲ့ထုနေပြီ ဘုန်းကြီးကျောင်းအပေါ် သွပ်တွေပေါ်မှာ တထောင်းထောင်းနဲ့ကို မြည်သွားတာပဲ၊ မနက် ၁၁နာရီလောက်ကနေ ပစ်တာတစ်နေကုန်ပစ်တာ ညသ၁၀နာရီခွဲ ၁၁နာရီလောက်ထိ ပစ်တာ နားသွားလိုက်၊ လာချလိုက်နဲ့တစ်နေကုန်ကို ပစ်တာကျမတို့ကြားတာကမြစ်ကြီးနား ဘက်ကနေ လာတာလို့ကြားတယ်။ ပြီးတော့ဘုန်းကြီးကျောင်းကနေ လမ်းကလေးပဲခြားတဲ့တပ်စခန်းကို ထုမယ်တိဆိုပြီးတော့ကြားတာ အဲ့တော့ ဘုန်းကြီးကျောင်းကလည်း မသေချာတော့ဘူး မလုံခြုံတော့ဘူး ဆိုတော့ ကျမတို့ကို အဒေါ်က ဖုန်းဆက်တယ် ဘာလုပ်နေကြတာလဲ အမြန်လာတော့ ပြောလို့ ကျမတို့က စာသင်ကျောင်းဘက်နေပြေးပြီး ရောက်သွားတယ် အဒေါ်တို့အိမ်ကိုရောက်တော့ လေယာဉ်ကပြန်ပျံက အပေါ်မှာဝဲနေတယ်၊ အဲ့မှာ တစ်နေကုန်နဲ့ တစ်ညလုံးကိုလက်နက်ကြီးနဲ့ထုတော့ တစ်နေကုန်ခေါင်းမထောင်ပဲ တစ်ချိန်လုံးဝပ်နေရတယ်။ နောက်ဆုံး၁၀နာရီခွဲ လောက်ထုတဲ့ချိန်မှာ ဆယ်ဇင်းရွာ မီးထတောက်တော့တာပဲ ညကို မီးလောင်တော့ ပြေးတဲ့သူကပြေး မီးငြိမ်းသူ တွေကငြိမ်းနဲ့ လက်နက်ကြီးထိပြီး ခြေပြတ် သွားတဲ့လူတွေနဲ့ ဒူးပြတ်တဲ့ အန်တီတစ်ယောက်ကိုလည်းတွေ့လိုက်တယ်၊ ကိုယ်ဝန်ဆောင် မိခင်တွနဲ့ တစ်ချို့ကအထုပ်ကို ကလေးထင်ပြီး မှားဆွဲလို့ ကလေးက ချန်ထားတဲ့သူတွေလည်း ရှိတယ်။ ပြီးတော့ ဗေဒင်တွေဟောစားတဲ့ အသက်၉၀ကျော်အဖိုးက တောင်ဝှေးနဲ့မပြေးနိုင်လို့ မီးထဲပါသွားတယ်။

ကျမတို့ပြန်ကြားတာတော့ကျမတို့နဲ့ခင်တဲ့ မအေးမြင့်ကလည်း သူ့ယောကျာ်းလည်းလက်နက်ကြီး ထိသွားတယ်လို့ကြားတယ်၊ ကျမယောကျာ်းမသေခင်မှာ ပြောသွားတာကတော့ ဘုရားကျောင်း အနောက်ဘက်မှာ သိရှိတယ် အဲ့မှာကေအေအိုင်စစ်သားတွေက ပုန်းနေတယ် သူတို့ကို အကူအညီတောင်းလို့ ပြောသေးတယ်။ သူတို့(ကေအိုင်အေ)ကလည်းဘာမှမလုပ်နိုင်ဘူးလေ အပေါ်ကနေလေယာဉ်နဲ့ ပစ်ပစ်နေတယ်ဆိုတော့လေ၊ လေယာဉ်နဲ့ပစ်ခက်တဲ့အချိန်ဆို တစ်ဖက်နဲ့ တစ်ဖက်ပစ်ခက်တာတွေက ငြိမ်သွားတယ် သူတို့လည်းဝင်ပြေး နေရတယ် ထင်တယ်။ ကျမတို့သားအမိတွေလည်းကျင်းပုန်းထဲနေနေရတယ် ကျမသမီးအငယ်လေးက (၄)နှစ်ပဲရှိသေးတော့ သူ့ကိုထိမှာစိုးပြီး အပေါ်ကနေ အောက်မှာပဲ နေခဲ့ရတယ် ကျမတို့ ရေဆာတာတောင်မသောက်ရဲဘူး ကျမတို့နဲ့အတူဝပ်နေတာ အားလုံးအယောက်၂၀လောက်ရှိမယ်၊ အစကျမဘုန်းကြီးကျောင်းမှာ ထမင်းတွေသွားယူတုန်းက ကေအိုင်အေဘက်က စစ်သားနဲ့တွေ့ခဲ့တာ ကျမသူ့ကို ”ဆရာ ကျမတို့လွတ်ကောလွတ်မလားလို့မေးတော့ သူက မလွတ်နိုင်ဘူးအမြန်ပြေးကြတော့လို့ ပြောတယ်။ နောက်မနက် ၈ နာရီလောက်မှာဘုရားကျောင်းအနောက်ဘက်က နေရှမ်းနီတပ်(SNA) တွေက လက်နက်ကြီးတွေနဲ့ အုန်းခနဲ နဲ့မြည်အောင်ပစ်နေကြတာ ကျမလည်း မဖြစ်တော့ဘူး ပြေးရတော့မယ်ဆိုပြီး ဆိုင်ကယ်သုံးစီးနဲ့ကျမတို့သား အမိတွေတာမခံဘက်ကို သွားနိုင်ခဲ့ရင်တော့ ကျမယောကျာ်းအခုလိုဖြစ်မှာမဟုတ်ဘူး ဆိုင်ကယ်ကလည်း ယူရခက်တာနဲ့မသွားနိုင်ခဲ့ဘူး။

ကျောင်းထိုင်ဘုန်းကြီးက သုံးဘီးနဲ့ တာမခံဘက်စုပြီးသွားကြမယ်ဆိုလို့ ကျမလည်း ကျောင်းထိုင်ဘုန်းကြီးကို လည်းယုံတာကြောင့် အိမ်မှာရှိတဲ့ ကျမသမီးကြီးရဲ့ စက်ဘီးနဲ့ပစ္စည်း အနည်းငယ် လောက်ကို အဲ့ဘုရားကျောင်း အနောက်ဘက်ကနေပုန်းပြီးတော့ အဲ့မနက်က ကျမတို့လင်မယားသွား ယူကြသေးတယ်။ အဲ့လိုအထုပ် တွေနဲ့ပြန်လာတဲ့အချိန်မှာ ကလေးတွေကို ကျတော့ လူကြုံနဲ့ဘုန်းကြီး ကျောင်းကိုရောက်အောင်ပို့လိုက်နိုင်တယ်။ ကျမယောကျာ်းနဲ့ကျမက လမ်းလျှောက်ပြီးဘုန်းကြီးကျောင်းကိုလာနေကြတာ ဘုန်းကြီးကျောင်းကိုရောက်ဖို့ သုံးလေးလှမ်း လောက်ပဲလိုတော့တဲ့အချိန်မှာ စနိုက်ပါနဲ့ချိန်နေတဲ့လူရှိတယ်ထင်တယ် တစ်ချို့က သိတယ် အဲ့နေရာရောက်တော့သုံးဘီးတွေ ရောဆိုင်ကယ်တွေရော မြန်မြန်မောင်းသွားကြတယ် ကျမက မိုးနဲနဲရွာတော့ ကျမအဒေါ်ရဲ့ ခမောက်ဆောင်းထားတယ် ကျမယောကျာ်းလည်း ဦးထုပ်ဆောင်း ထားတယ်။

သူကအထုပ်ကိုလည်းထမ်းထားတယ် အဲ့အချိန်မှာနောက်စေ့ ကနေပွင့် သွားတာဝိုးကနဲတောင် မြည်သွားတယ်။ ကျွန်မနားတစ်ဖက်ကနေ။ ပစ်တာကတော့ ရဲစခန်းကနေ စက်သေနတ် နဲ့ရော၊ စနိုက်ပါနဲ့ကော ထွက်လာတဲ့လူတိုင်းကို ပစ်နေတာဟုတ်တယ်။ ကျမတို့ကလည်း တစ်ခါမှ

ကျမတို့ကလည်းတစ်ခါမှ အတွေ့အကြုံမရှိဘူးလေ သူကအဲ့လိုမှန်သွား ပြီးတော့ တစ်ခါတည်း ပျော့ခွေကျသွားတယ် အဲ့လိုနဲ့ကျမတစ်ခါတည်းပွေ့ကိုင်လိုက်တဲ့ချိန်မှာ မရနိုင်တော့ဘူးဆိုတာ သိလိုက်ပြီ အဲ့လောက်တောင်ဖြစ်နေတာတောင်သူက အသိတစ်ချက်မှမလွတ်ခဲ့ဘူး ဖိနပ်တွေလည်း လွင့်ထွက်မသွားဘူး။ ကျမလည်းခဏလောက်နေတော့သူ့ကို လုပ်စရာရှိတာ လုပ်ပေးပြီးတော့ ကျောင်းထိုင်ဘုန်းကြီးဆီကို သွားလျှောက်တင်တယ် အဲ့ချိန်ကျမ တစ်ကိုယ်လုံးလည်းသွေးတွေ ရွှဲနေပြီ။ အဲ့လို မပစ်ခံရခင်မှာ ဘုန်းကြီးကျောင်းက လူတွေကကျမတို့ လင်မယားကိုတွေ့တော့ ခေါ်တယ်တဲ့ မနိုင်မနိုင်ဆိုပြီးတော့ ကျမတို့ လင်မယားကမကြားခဲ့ဘူး။ ကျမကလည်း ဘယ်သူ ပစ်တာလဲဆိုတာ သိချင်တယ်လေ အဲ့ကြောင့် မေးကြည့်တော့ ရဲတွေဆိုတာပဲသိခဲ့ရတယ်။ အဲ့ရဲစခန်းကအဲ့လိုပဲ ပစ်ခက်နေကြပဲတဲ့ ကျမတို့ကမသိခဲ့ဘူး။

ကျမကယောက်ျားမကိုအမေစိတ်ခိုင်ခိုင်ထားနော် အမေ့သားဆုံးပြီလို့အကြောင်းကြားလိုက်တယ် ကျမလည်း အရူးလိုပဲငိုယိုပြီးပြောယာကို ခက်သွားတယ် ကလေးနှစ်ယောက်ကိုလည်း ဘုန်းကြီးကျောင်းထဲရှာရသေးတယ် ကျမက ကျမယောကျာ်းအလောင်းမရရအောင်လိုချင်တာလေ အဲ့တာနဲ့ကျောင်းထိုင်ဘုန်းကြီးဆီကို လျှောက်တော့ ဘုန်းဘုန်းက အခုလောလောဆယ်တော့ မယူသေးနဲ့ဦးတဲ့ သေတဲ့လူတွေအများကြီးပဲ သေထားပြီးသားလူတွေရဲ့ အလောင်းကိုတောင် အလောင်းကောက်ခွင့်လည်း မပေးဘူး သဂြိုလ်ခွင့်လည်းမပေးဘူး လို့ပြောတယ်။ နောက်ပိုင်းည နေလောက်ရောက်တော့ သေထားပြီး ဘုန်းကြီးကျောင်းထဲက အလောင်းတွေကိုနဲ့ လမ်းပေါ်မှာတွေ ပစ်ခံရပြီးသေသွားတဲ့ အလောင်းတွေကို စစ်သားတွေက ဘိန်းစား(4 သမား) တွေကိုခေါ်ပြီးဥရှချောင်းထဲမျောခိုင်းလိုက်တယ်။

အခုဟာကပြည်သူတွေကို သက်သက်မဲ့ လုပ်နေသလိုကြီးဖြစ်နေတယ် တစ်ဖက်နဲ့တစ်ဖက် စစ်တိုက်နေတဲ့ကြားမှာ သွားလို့ဖြစ်တယ်ဆိုရင်က သူတို့ကံပဲဆိုပြီး ကျေနပ်နိုင်သေးတယ် အခုဟာကအဲ့လို မဟုတ်ဘူး။ သတင်းတွေမှာပါတာတော့ လက်နက်ကြီးထိလို့ အယောက်လေးငါးဆယ် ထိတယ်ဆိုတာလေ တကယ်တော့မကဘူးအဲ့ထက်များတယ်။ အဲ့ဒီချိန် လေယဉ်ပေါ်ကပုံးနဲ့သေတာကော စစ်တပ်စခန်း နဲ့ ရဲစခန်းကနေပစ်ပြီး သတ်ခံရတာအားလုံးဆိုရင် ခန့်မှန်းခြေ (၇၀) ဝန်းကျင်လောက်ရှိနိုင်တယ်။နည်းတာမှမဟုတ်တာ။ အခုထိ သေလားရှင်လား မသိပဲ ပျောက်သွားတဲ့ လူပျောက်စရင်းတွေလည်းအများကြီးပဲ။ ကျွန်မထင်တာကတော့ သတ်လိုက်တာဖြစ်မယ်လို့ထင်တယ် မဟုတ်ရင်လည်း ဖမ်းခံရတာလည်းဖြစ်နိုင်တယ်။

နေ့လည်လောက်ရောက်တော့ ဘုန်းကြီးကျောင်းထဲ အရပ်ဝတ်နဲ့ လူ ၆ယောက်ဝင်လာတယ် ကျမကဘယ်ဘက်ကလည်းလို့ မေးတော့ ရဲတွေတဲ့ အဲ့တာနဲ့ ကျမလည်း ဆရာလို့ ကျမယောကျ်ားထိထားပြီ အလောင်းကိုယူချင်တယ် သူ့အမေတို့လည်းဆိုင်းတောင်ဘက်ကနေ လာခေါ်နေပြီလို့ပြောလိုက်တယ်။ သူတို့က မဲမဲမြင်ရင်ကိုပစ်တာ ကလေးလည်းမသိဘူး လူကြီးလည်း ပစ်တာပဲ။ ကားကလာနေပြီဆိုတော့ ကျမလည်းဘိန်းစား နှစ်ယောက်ကိုခေါ်ပြီး အလောင်းကို ရွှေ့ထားလိုက်တယ်။ ကားကတော့ ကျမယောကျ်ားရဲ့ ယောက်ဖကမောင်းခဲ့တာ သူမို့လို့လည်း ရွာထဲထိဝင်လာရဲတာပေါ့ တော်ရုံတန်ရုံလူတွေတော့ လာရဲကြမှာမဟုတ်ဘူး။ သူများတွေက အပြင်မှာပဲစောင့်နေကြတာ ဟုတ်တယ်။ အမြန်မိုးကာနဲ့အုပ်ပြီး တော့ကပြာကယာနဲ့ ကလေးနှစ်ယောက်နဲ့ကားပေါ် အမြန်ပြေးဝင်ခဲ့လိုက်တာသုံးနာရီခွဲလောက်မှ ထွက်လာနိုင်ခဲ့တယ်။ သူတို့ဆီကခွင့်ပြုချက်ရလို့ လည်းမြန်မြန်ထွက်လာနိုင်ခဲ့တယ်။ ဒီကို ရောက်တော့ ညမိုးချုပ်ပြီ ကျမတို့လည်းရေမိုးချိုးပြီး နောက်မနက် ကျမှသဂြိုလ်လိုက်တယ်။ မနက် ၆နာရီခွဲဂ နာရီလောက် ပစ်ခံရတာကို ညနေ၂ နာရီလောက်မှအလောင်းကို ကောက်နိုင်တာအလောင်း ကိုကျောင်းပေါက်ဝမှာ ထားတာသူများတွေလာကောက်သွားမှာလည်းကြောက်လို့ ခဏခဏထွက် ကြည့်နေခဲ့ တာဟုတ်တယ်။ အဲ့ချိန်တုန်းကတော့ကျ ကျွန်မက အရူးတစ်ယောက်လိုပဲဖိနပ်လည်း မပါဘူး လျှောက်သွားနေခဲ့တာ။ အဲ့ကထွက်ပြီး သိပ်မကြာဘူး ရောက်ခဲ့တယ် အလောင်းကိုတော့ သုသာန်မှာ ထားခဲ့လိုက်တယ် နောက်ရက်ကျ သဂြိုလ်ပြီးအရိုးပြာကိုတော့ ဥရှေချောင်းထဲပဲမျောလိုက်တယ် မနေ့ကပဲဘုန်းကြီးတွေကို ပင့်ပြီးဒီရပ်ကွက်၃ မှာပဲတရားနာလိုက်တယ်။ ရှမ်းနီနဲ့စကစကတစ်ဖွဲ့ ပီဒီအပ်နဲ့ကေအိုင်အေက တစ်ဖွဲ့ အဲ့လိုပစ်ခတ်နေတဲ့ကြားမှာ ဖြစ်သွားတယ်ဆိုရင်ကလက်ခံနိုင်တယ် ကျေနပ်တယ်။ အခုက ပစ်ခတ်နေတဲ့ချိန်ထိ သွားတာလည်း မဟုတ်ဘူး။ အခုကဘာကိစ္စနဲ့ ပစ်တာလဲဆိုတာက ကျမသိချင်တယ်။ ပြီးတော့ရွာမှာထိုင်တဲ့ကျောင်း ထိုင်ဘုန်းကြီးလည်းလိုတယ် လိုအပ်ချက်တွေ ရှိတယ် ဘာလို့လဲဆိုတော့နိုင်ငံရေးအခြေ အနေမကောင်းတဲ့ချိန်ဥက္ကဌ တွေအုပ်ချုပ်ရေးမှူးတွေလည်း မရှိဘူး နှစ်လသုံးလလောက်ရှိပြီစနေတာက ဒီလောက်ဖြစ်နေတာကို ရှမ်းနီတပ်နဲ့စကစတွေအားလုံး ကို ဘုန်းကြီးကချုပ်ကိုင်ထားတာ ပြီးတော့အဲ့တပ်တွေလိုအပ်တဲ့ငွေတွေကိုလည်း ရွာသားတွေက ကူညီနေတာ အဲ့တာကို ဘုန်းကြီးကနေ ကျမတို့ကို ဒီမှာမနေသင့်တော့ဘူး ဆိုပြီး အရိပ်အမွတ်ဖြစ်ဖြစ်ပြောပြသင့်တယ်။

အစတုန်းကတစ်ခါဖြစ်ပြီးပြီ အဲ့ချိန်တည်းကတာမခံကိုကားနဲ့ပြေးသွားကြပြီ အဲ့တုန်းကပစ်ခက်ကြတယ် ဒါပေမယ့်ရွာကိုတော့ မထိဘူး။ ကေအိုင်အေဘက်က အသိတွေကလည်းရှိတော့သူတို့ပြောတာက စကစ တွေကဆယ်ဇင်းကိုပြာကျသွားအောင်လုပ်မယ်လို့ပြောတယ်တဲ့။ မီးလောင်တာကဆယ်ဇင်းက ကုန်းဘက်နဲ့ အောက်ဘက်ကဒယ်အိုးလိုချိုင့်နေတာ အဲ့တာ အောက်ဘက်အားလုံးမီးလောင်ကုန်တယ်။


မီးထဲပါသွားအိမ်တွေ အနည်းဆုံး လေးငါးရာလောက်ရှိမယ် ကုန်းဘက်ကကျန်တဲ့ အိမ်တွေအားလုံးလည်း အခုကရှို့လိုက်ပြီလို့ ပြောတယ်။ ကျမတို့အိမ်လည်း ပြန်ရှို့တဲ့ထဲမှာ ပါသွားတာ ဟုတ်တယ်။

သူတို့ရှို့လိုက်တဲ့ထဲမှာ ဘုရားကျောင်းတော့ကျန်တယ်။ အခုဘာမှမရှိတော့ဘူးလို့ ပြန်ကြားတယ် အိမ်ခြေကထောင်ချီရှိတယ်။ ကျမယောကျာ်းက နိုင်ငံရေးလည်းမလုပ်ဘူး အေးဆေးပဲနေတတ်တာ လက်နက်ကြီးနဲ့ပစ်တာ ကျမယောကျာ်းနဲ့ ဆိုရင်ဆယ့်ငါးယောက်လောက်ရှိမယ်၊ ကျမတို့ ဒီဘက်ရောက်ပြီ နောက်နေ့မနက် ဂုနာရီခွဲလောက်မှာ အဲ့မှာရှိတဲ့သူတွေ အားလုံးတာမခံဘက်ကို သွားလိုက်ကြပြီ ဘုန်းကြီးတစ်ပါးပဲကျန်ခဲ့တယ်။ ဘုန်းကြီးကျောင်းထဲမှာ လမ်းမလျှောက်နိုင်တဲ့ မိသားစုသုံးယောက် သူတို့ကိုပြန်ခံပြောလို့အသက်ခံ လိုက်ရတာလည်းရှိတယ် အဲ့တာလည်း သတင်းအတိအကျ ရတာဟုတ်တယ်။ တစ်ရွာလုံးက အဲ့ဘုန်းကြီးကျောင်းထဲ ပိတ်မိနေတော့ ထွက်ခွင့်မပေးဘူး ဒီတိုင်း နေခိုင်းထားတဲ့ သဘောဟုတ်တယ်။အလောင်းသွားကောက်တာတောင် ခက်ခက်ခဲခဲ ရင်တထိတ်ထိတ်နဲ့လာရတာ ကားကိုလည်းလက်နက်ကြီးနဲ့ပြန်ထုပေးလိုက်မှာလည်း ပြန်စိုးရိမ်ရသေးတယ်။ ဒါကြီးကတော့ သက်သက်မဲ့ပြည်သူလူထုမှန်းသိလို့သေပါစေဆိုပြီးလုပ်တဲ့ သဘောမျိုးပဲတက်ရောက်တယ်။ ပြည်သူမှန်းတစ် ဖက်ကရန်သူမှန်းက ဒီလောက်လင်းနေတာပဲကို ခွဲခြားလို့ရနေတာပဲလေ အဲ့နေရာမှာဘိန်းစား (၄သမား)တွေ အဲ့လောက်သွားလာနေတာကို ကျတော့ မပစ်ဘူးဟုတ်တယ်။ ဒီလောက်ဖြစ်နေတာတောင် ဘိန်းစားတွေသေတယ်ဆိုတာလည်း ကျမတစ်ခါမှ မကြားမိဘူး။ ဘိန်းစားတွေက နေ့တိုင်းလွတ်လွတ်လပ်လပ်သွားလာလို့ ရတယ်



ဘာကြောင့်လည်းတော့မသိဘူး။ ဘုန်းကြီးကျောင်းမှာ လာရှောင်နေတဲ့လူတွေအား လုံးထောင်ကျော်လောက်ရှိမယ်ထင်တယ်။ အခုထိတောင် နားထဲမှာလေယာဉ်ပျံ အသံတွေ တဝှီးဝှီးပဲကြားနေရတယ်။ အခုက သူတို့ (စကစ) ဘက်ကပဲပစ်နေတာ တောထဲမှာရှိတဲ့ ကေအိုင်အေ နဲ့ ပီဒီအက်တွေလည်း မပစ်ဘူး ဘာလို့လည်းဆိုရွာထဲပြည်သူတွေရှိနေတယ်ဆိုတာသူတို့သိတယ် သူတို့ကရွာကိုငဲ့တဲ့ သဘောလည်းဟုတ်တာပေါ့။ စကစကတော့ရွာမှာပြည်သူတွေရှိတာလည်းသိတယ် သေစေချင်လို့ကိုလုပ်တာဆိုတာသိသာနေတာပဲ ရွာမှာဘယ်သူ့ကိုမရှိစေချင်တဲ့ပုံစံပဲဟုတ်တယ်။ သူတို့ကသာ လေယာဉ်နဲ့ ပစ်နေတာ ဒီဖက်ကအဖွဲ့တွေမှာ တစ်ယောက်မှမထိဘူး ဥရှချောင်းမှာ ကျသွားတာပဲ ရမ်းပစ်နေကြတာလေ သူတို့လက်နက်ကြီးရှုံးတာပဲ အဖက်တင်တယ်။ လေယာဉ်က

တိုက်လေယာဉ်အပြာအဖြူဟုတ်တယ် မျက်စိထဲကကိုမထွက်ဘူး ရဟတ်ယာဉ်ကတော့လမ်းပြပဲ လုပ်တယ် တိုက်လေယာဉ်နဲ့ပဲပစ်တာဟုတ်တယ်။ အဲ့လိုတွေဆိုးဆိုးရွားရွားတွေဖြစ်မယ်လို့ထင်ရင် ကျမတို့လည်းမနေဘူးလေ အစကတည်းက ကားလာခေါ်တဲ့အချိန်မှာ လိုက်သွားမှာဟုတ်တယ်။ ဒီလိုဖြစ်တဲ့အပေါ်ခံစားချက် ကပြောမပြတတ် အောင်ကိုခံစားရတယ် လုပ်ရက်တာကိုခံပြင်းတယ် အသည်းလည်းနာတယ် ။ ကချင်ပြည်နယ်ဒေသ သတင်းဌာနတစ်ခုဖြစ်သည့် Kachinwave Media မှ ကဏာဦးစရင်းများ ကိုဖော်ပြခဲ့ သောစရင်း(10 August 2022 – Kachinwaves)




August (10) ရက်နေ့တွင် Kachinwave media တွင်ဖော်ပြခဲ့သော ကဏာဦးစရင်း



ဆယ်ဇင်းဒေသ မီးရှို့ဖျက်ဆီး ဓာတ်ပုံ (လူမှုကွန်ယက်)




ရှမ်းနီပြည်သူ့စစ်(SNA) ဓာတ်ပုံ (လူမှုကွန်ယက် )